www.dhammadownload.com

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုက္ကုလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

အထက်မဂ်ဖိုလ်သို့တက်ရန်နည်းလမ်းမှန်

တရားတော်



ဒုတိယအကြိမ်

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်နှစ်-၂၀၀၇

www.dhammadownload.com

ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

- ပုထုဇနာ၊ နာမရှုပါ၊ စတင်ကာ၊ မှန်စွာရှုရမည်။
- ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။
- အရိယာမှာ၊ ဥဒယဗ္ဗယာ၊ စတင်ကာ၊ မှန်စွာရှုရမည်။
- ရပြီးဖိုလ်မှန်၊ မြန်ရောက်ရန်နှင့်၊ ကြာကြာတည်ရန်၊ စိတ်ရည်သန်၊ ဖန်ဖန်ပွားရမည်။
- ရက်ကိုကန့်သတ်၊ အာသာဖြတ်၍၊ စိတ်ညွှတ်အပ်ပါ၊ ဤသုံးဖြာ၊ မှန်စွာပြုရမည်။
- အထက်အရိယ၊ အောက်ဖလ၊ ဝင်စားမရပြီ။
- အောက်ဖိုလ်ဖလ၊ ထက်ဖိုလ်ကျ၊ ငြိမ်းရအမှန်ပင်။
- ထို့ကြောင့်ပင်လျှင်၊ ထက်အရိယာရှင်၊ အောက်ဖိုလ်ဝင်မရ။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ဂုဏ္ဏာလင်္ကာရဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

အထွေထွေအမှတ်နှင့်

အထက်မဂ်ပိုလ်သို့တက်ရန်နည်းလမ်းမှန်

တရားတော်



ဒုတိယအကြိမ်

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်နှစ်-၂၀၀၇

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်
၃၂၀၃၁၀၅၀၇

မျက်နှာပုံးခွင့်ပြုချက်အမှတ်
၃၂၀၃၂၂၀၆၀၇

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

အုပ်ရေ - ၂၀၀၀


တန်ဖိုး -

ပုံနှိပ်ပြီးသည့်လ
၂၀၀၇-ခုနှစ်၊ သြဂုတ်လ

မျက်နှာပုံးနှင့်အတွင်းပုံနှိပ်သူ
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၂၀၅၆

ထုတ်ဝေသူ
ဒု-ဗိုလ်မှူးကြီး တင်အောင် (လေ-အငြိမ်းစား)၊ (၀၃၃၆၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာ ပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တဝိစိတ္တာဘိဝံသ

www.dhammadownload.com

www.dhammadownload.com

အထက်မဂ်ဖိုလ်သို့တက်ရန် နည်းလမ်းမှန် တရားတော်

ဒီနေ့ ၁၃၆၂-ခု၊ သီတင်းကျွတ်လပြည့်နေ့ဖြစ်တယ်။ သီတင်းကျွတ်လပြည့်နေ့ နေ့လည်ပိုင်းမှာ ဟောကြားရမည့် တရားတော်က အထက်မဂ်ဖိုလ်သို့တက်ရန် နည်းလမ်းမှန် တရားတော်ဖြစ်ပါတယ်။

ရှေ့နှစ်များကလည်း အထက်မဂ်ဖိုလ်သို့တက်ရန် နည်းလမ်းမှန် တရားတော်ကို တစ်ခါဟောကြားခဲ့ဖူးပါတယ်။ အချက်အလက်များ သိပ်မပြည့်စုံခဲ့ခြင်း၊ အဆုံးပိုင်းမှာ အနည်းငယ် ကျန်နေခြင်းတို့ကြောင့် ယခုထပ်မံ၍ ဟောကြားပေးရခြင်း ဖြစ်ပါတယ်။

www.dhammadownload.com

အထက်မဂ်ဖိုလ်သို့တက်ရန် နည်းလမ်းမှန် တရား တော်ကို ဟောကြားတဲ့နေရာမှာ အပိုင်း(၃)ပိုင်းထားပြီး ဟောကြားပေးပါ့မယ်။

၁။ အောက်မဂ် အောက်ဖိုလ်တို့ကို ဖျက်ရန် နည်း လမ်းမှန်ကန်စွာ ရှုမှတ်ပွားများ အားထုတ်ပုံ၊

၂။ ရပြီးအောက်ဖိုလ်ကို မြဲမြံခိုင်ခဲ့အောင် လေ့ကျင့် သောအားဖြင့် ရှုမှတ်ပွားများ အားထုတ်ပုံ၊

၃။ အထက်မဂ်ဖိုလ်သို့ ရောက်ရှိရန် နည်းလမ်း မှန်ကန်စွာ ရှုမှတ်ပွားများ အားထုတ်ပုံဟူ၍ ဘယ်နှချက်ပါလဲ ... (၃)ချက်ပါဘုရား။

(၁) နံပါတ်က အောက်မဂ် အောက်ဖိုလ်တို့ကို ရဖို့ ရန် နည်းလမ်းမှန်ကန်စွာ ရှုမှတ်ပွားများ အားထုတ်ပုံ၊ (၂) နံပါတ်က ရပြီးအောက်ဖိုလ်ကို မြဲမြံခိုင်ခဲ့အောင် လေ့ကျင့် သောအားဖြင့် ရှုမှတ်ပွားများ အားထုတ်ပုံ၊ (၃)နံပါတ်က အထက်မဂ်ဖိုလ်သို့ ရောက်ရှိရန် နည်းလမ်းမှန်ကန်စွာ ရှုမှတ် ပွားများ အားထုတ်ပုံဟူ၍ (၃)မျိုးကို အစဉ်အတိုင်း ဟော ကြားပေးပါမည်။

www.dhammadownload.com

တရားနာပရိသတ်များက တကယ်အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပေတယ်။ ရပြီးတဲ့တရားမှ တစ်ဆင့် ရှေ့သို့ တိုးတက်ပြီးတော့ ရချင်ကြတဲ့ပုဂ္ဂိုလ်တွေ များကြပါတယ်။ ယောဂီဟောင်းတွေက တော်တော်ပဲ စိတ်အားတွေ ထက်သန်နေကြပါတယ်။ အထက်အထက် မရသေးတဲ့ တရားထူး တရားမြတ်များကို ရအောင် ဆက်လက်ပြီးတော့ အားထုတ်ချင်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောကြားပေးရခြင်း ဖြစ်ပါတယ်။

(၁)နံပါတ် အောက်မင် အောက်ဖိုလ်တို့ကို ရရှိရန် နည်းလမ်း မှန်ကန်စွာ ရှုမှတ်ပွားများ အားထုတ်ပုံကို အခု ဟောကြားပါတော့မယ်။ အောက်မင် အောက်ဖိုလ်တို့ကို ရရှိရန် အားထုတ်တဲ့ပုဂ္ဂိုလ်တွေက ဘယ်ဉာဏ်ကစပြီးတော့ အားထုတ်ရမလဲဆိုတော့ ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ကြောင့် နာမရူပပရိစ္ဆေဒဉာဏ်က စပြီးတော့ အားထုတ်ရ မယ်။ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပေါ်အောင် ရှေးဦးစွာ အားမထုတ်ရပါဘူးလား ... အားထုတ်ရပါတယ်ဘုရား။ ဆောင်ပုဒ်ဆိုကြရမည်။

ဆောင်ပုဒ် ။ ။ ပုထုဇနာ၊ နာမရူပါ၊ စတင်ကာ၊
မှန်စွာရှုရမည်။

www.dhammadownload.com

ပုထုဇဉ်ပုဂ္ဂိုလ်သည် အောက်မဂ် အောက်ဖိုလ်တွေ ရဖို့ရန် စအားထုတ်တဲ့အခါမှာ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်အောင် ရှေးဦးစွာ အားထုတ်ကြရမယ်ဆိုတဲ့ အဓိပ္ပါယ် ဖြစ်ပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်အောင် အားထုတ်ပုံ အားထုတ်နည်း ဘယ်လိုအားထုတ်ရမလဲဆိုတာ အခုတရားနာပရိသတ်များကတော့ မကြာခဏလည်း နာကြားနေရတယ်၊ "နာဖူးထပ်မံ" နာကြားကြရမယ်။ ရှေးဦးစွာ သဘောကို သိအောင် ရှုမှတ်ကြရမယ်။ ဝိပဿနာတရား စအားထုတ်ပြီဆိုလို့ရှိရင် ရှေးဦးစွာ သဘောကို သိအောင် ရှုမှတ်ကြရပါတယ်။ ဒုတိယအနေနဲ့ အဖြစ်နဲ့အပျက်ကိုသိအောင် ရှုမှတ်ကြရပါတယ်။ တတိယအနေနဲ့ အပျက်ကိုမြင်အောင် ရှုမှတ်ကြရပါတယ်။ အပျက်ကိုမြင်သွားပြီဆိုရင် ဗလဝ ဝိပဿနာဖြစ်လို့ ဘင်္ဂမုစ၌ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘူ၊ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင် တက်သွားနိုင်တယ်။

www.dhammadownload.com

အဲဒီတော့ ရှေးဦးစွာ သဘောကိုသိအောင် ရှုမှတ်ရမယ်။ သဘောသိမှ ဥဒယဝယဆိုတဲ့ ဖြစ်ပျက်ကိုလည်း သိလာနိုင်တယ်။ သဘောသိအောင် ဘယ့်နယ်ရှုမှတ်ရမလဲ၊ ဆောင်ပုဒ်ပဲ ဆိုကြပါစို့။

ဆောင်ပုဒ်။ ။ ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိရမည်။

ဖြစ်ခိုက်ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်မှ သဘောတရားလေးတွေ သိနိုင်တယ်။ ပေါ့တာ လေးတာ တွန်းတာ ဆွဲတာ လှုပ်ရှားတာ ရွေ့သွားတာ အဲဒါလေးတွေက သဘောတရားပဲ။ ပေါ့တာ လေးတာကလည်း သဘောတရား၊ တွန်းတာ ဆွဲတာကလည်း သဘောတရား၊ လှုပ်ရှားတာ ရွေ့သွားတာလေးတွေကလည်း ... သဘောတရားပါဘုရား။ သဘောတရားလေးတွေ သိလာမယ်။

ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် ရှုမှတ်တဲ့ အခါမှာ သဘောတရားလေးသိအောင် ဖြစ်ခိုက်ပစ္စုပ္ပန်တည့်နိုင်သမျှတည့်အောင် စူးစိုက်ပြီးတော့ ရှုမှတ်ရတယ်။ ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါ လေရူးသွင်းလိုက်တာနဲ့အမျှ ဝမ်းဗိုက်အဆင့်ဆင့် အဆင့်ဆင့် ဖောင်းတက်လာတယ်။

www.dhammadownload.com

ဒီအဆင့်ဆင့် အဆင့်ဆင့်လေးတွေ ဖြစ်ခိုက်ကလေးကို တည့်နိုင်သမျှတည့်အောင် မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ရှုမှတ်ရတယ်။ တည့်သွားပြီဆိုလို့ရှိရင် တွန်းကန်တဲ့ သဘောလေး၊ တောင့်တင်းတဲ့သဘောလေး မထင်ရှားလာတတ်ပါဘူးလား ... ထင်ရှားလာတတ်ပါတယ်ဘုရား။ ပစ္စုပ္ပန်တည့်သွားရင် တွန်းကန်တဲ့သဘော၊ ထောက်ကန်တဲ့သဘောလေး ထင်ရှားလာပါတယ်။

အဲဒီသဘောလေးထင်ရှားလာရင် ယောဂီက တော်တော့ကို အမှတ်တွေကောင်းသွားပြီး သဘောတွေ ကျသွားပါပြီ။ ထောက်ကန်တဲ့သဘော၊ တွန်းကန်တဲ့သဘော၊ တောင့်တင်းတဲ့သဘောလေးဟာ ပရမတ်ပါပဲ။ ဘာပရမတ်လဲဆိုတော့ ဝါယောပရမတ်ပါပဲ။ ရှုမှတ်ပုံများကိုလည်း တရားနာပရိသတ်ဟောင်း၊ ယောဂီဟောင်းများတော့ မကြာခဏနာကြားနေရတယ်။ နာဖူးထပ်မံပဲ။ ဝမ်းဗိုက်ပုံသဏ္ဌာန်ဖြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ တောင့်တင်း တွန်းကန်တဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၊ ဝမ်းဗိုက်ပုံသဏ္ဌာန်ဖြပ်ကြီးက ပညတ်ပဲ။ တောင့်တင်း တွန်းကန်မှုလေးက ... ပရမတ်ပါဘုရား။ အဲဒီပရမတ်ကို သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။ စူးစိုက်တဲ့နေရာမှာလည်း

www.dhammadownload.com

အဆင့်ဆင့် ဖြစ်ခိုက်ကလေးကို တည့်အောင် ရှုမှတ်နိုင်မှ အဲဒီတောင့်တင်း တွန်းကန်မှုသဘော ပရမတ်ကိုလည်း သိလာနိုင်တယ်။

ပိန်တယ်လို့ ရှုမှတ်တဲ့အခါမှာလည်း အဆင့်ဆင့် အဆင့်ဆင့် ရွေ့ကျ လျော့ကျသွားတဲ့ ပစ္စုပ္ပန်လေးကို တည့်နိုင်သမျှတည့်အောင်၊ ဖြစ်ခိုက်ကလေးကိုလည်း တည့်နိုင်သမျှတည့်အောင် စူးစိုက်ရပါတယ်။ အဆင့်ဆင့် အဆင့်ဆင့် ရွေ့ကျရွေ့ကျသွားတဲ့၊ လျော့ကျလျော့ကျသွားတဲ့ သဘောလေးဟာ ပရမတ်ပဲ။

ဆောင်ပုဒ်

ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်၊
တွန်းကန်လှုပ်ရှား၊ ရွေ့သွားတတ်သည်၊
ဝါယောဓာတ်၊ ရှုမှတ်မြဲတ်ယောဂီ။

လျော့လျော့ကျသွားတဲ့ သဘောလေး၊ ရွေ့ရွေ့ကျသွားတဲ့ သဘောလေးတွေဟာ ပရမတ်ပဲ။ အဲဒီပရမတ်ကိုလည်း သိနိုင်သမျှသိအောင် စူးစိုက်၍ အဆင့်ဆင့်လေးတွေ ရွေ့ကျသွားတာကို မီသွားလို့ရှိရင် အဲဒီသဘောလေးတွေကို

www.dhammadownload.com

သိလာတော့တာပါပဲ။ ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ တရွေ့ပြီးတရွေ့ ရွေ့ရွေ့သွားတဲ့ သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။

ဆောင်ပုဒ်။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊
မှန်စွာရှုရမည်။

ဝမ်းဗိုက်ပုံသဏ္ဌာန်ပညတ်ကိုတော့ ခွာနိုင်သမျှခွာ၊ ပညတ်ဆိုတာ ဝိပဿနာရှုဖို့ရာမဟုတ်ဘူး။ ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါမှာ အတွင်းက တောင့်တင်း တွန်းကန်တဲ့ သဘော၊ ပိန်တယ်လို့မှတ်လိုက်တဲ့အခါမှာ အတွင်းက တရွေ့ပြီးတရွေ့ ရွေ့သွားတဲ့သဘော လှုပ်သွားတဲ့သဘောလေးဟာ ပရမတ်ပဲ။ အဲဒီပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါတယ်။

ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်တဲ့အခါမှာလည်း ဒီအတိုင်းပါပဲ၊ ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ ကြွတယ်လို့မှတ်တဲ့အခါမှာ အပေါ်ကို တရွေ့ပြီးတရွေ့ ရွေ့တက်နေတဲ့သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။ လှမ်းတယ်လို့မှတ်တဲ့အခါမှာ

www.dhammadownload.com

လည်း ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှ ခွာ၊ ရှေ့ကို တရွေ့ပြီးတရွေ့ ရွေ့နေတဲ့သဘောလေးကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။ ချတယ်လို့မှတ်တဲ့ အခါမှာလည်း ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာ၊ အောက်ကို တရွေ့ပြီးတရွေ့ ရွေ့ရွေ့ကျသွားတဲ့ သဘောလေးကို သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။

တရွေ့ပြီးတရွေ့ ရွေ့နေတဲ့သဘောလေးတွေကိုလည်း စူးစိုက်လို့ရသွားပြီ၊ ရွေ့နေတဲ့အစဉ်လေးကိုလည်း မီအောင် ပစ္စုပ္ပန်တည့်အောင်၊ ဖြစ်ခိုက်ကိုမီအောင် တည့်အောင် ရှုမှတ်လို့ရသွားပြီဆိုလို့ရှိရင် ကြွတယ်လို့ မှတ်လိုက်တဲ့အခါ အပေါ်ကို တရွေ့ပြီးတရွေ့ ရွေ့တက်နေတာကို သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီးတော့တက်သွားတာ၊ လှမ်းတယ်လို့ မှတ်တဲ့အခါမှာလည်း တရွေ့ပြီးတရွေ့ ရှေ့ကိုရွေ့သွားတာ သိပြီးတဲ့အပြင် ပေါ့ပေါ့ပြီးတော့ အရှေ့ကိုရွေ့သွားတာ၊ ချတယ်လို့မှတ်တဲ့အခါမှာလည်း အောက်ကို တရွေ့ပြီးတရွေ့ ရွေ့ကျနေတာကို သိပြီးတဲ့အပြင် လေးလေးပြီးကျသွားတာကို ယောဂီဟောင်းများတော့ ကိုယ်တိုင်တွေ့သိနေကြပါတယ်။ ယောဂီသစ်များလည်း အဲဒီလို နည်းမှန်လမ်းမှန် ရှုမှတ်လိုက်လို့ရှိရင် ချက်ချင်းလိုပဲ တွေ့သိလာတတ်ပါတယ်။

www.dhammadownload.com

ရှေးဦးစွာ သဘောကိုသိအောင် မရှုမှတ်ရပါဘူးလား ... သဘောကိုသိအောင် ရှုမှတ်ရပါတယ်ဘုရား။ သဘောကိုသိသွားပြီဆိုရင် ရုပ်တရားနဲ့နာမ်တရားတွေ ကွဲပြား၍သိမှု နာမရူပပရိစ္ဆေဒဉာဏ်ဟာလည်း သူ့ဟာသူ ထင်ရှားလာတော့တာပါပဲ။ ဖောင်းတယ်လို့မှတ်လိုက်တဲ့အခါ ဖောင်းတဲ့အမှုအရာ တောင့်တင်း တွန်းကန်မှုလေးကတခြား၊ မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်တဲ့အမှုအရာ လှုပ်ရှားရွေ့နေတဲ့သဘောလေးကတခြား၊ မှတ်သိလိုက်တာကတခြားဟု ကွဲပြားကွဲပြားပြီးတော့ သိသွားတယ်။ ဖောင်းတဲ့အမှုအရာ တောင့်တင်း တွန်းကန်နေတဲ့သဘောလေးက အာရုံကိုမသိတတ်တဲ့အတွက်ကြောင့် ရုပ်တရား၊ ပိန်တဲ့ လှုပ်ရှားနေတဲ့သဘောတရားလေးဟာလည်း အာရုံကိုမသိတတ်တဲ့အတွက်ကြောင့် ရုပ်တရား၊ ဖောင်းတယ် ပိန်တယ်လို့ လိုက်လိုက်ပြီး မှတ်သိမှတ်သိနေတာက အာရုံကိုသိတတ်တဲ့အတွက်ကြောင့် ဘာတရားလဲ ... နာမ်တရားပါဘုရား။ ဤကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ်ကစပြီးတော့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

ပုထုဇဉ်ဖြစ်လို့ရှိရင် အောက်မဂ် အောက်ဖိုလ်ကို ရချင်လို့ရှိရင် ရှေးဦးစွာ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်အောင်

www.dhammadownload.com

ရှုမှတ်ရမယ်။ ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်တဲ့ အခါမှာလည်း ဒီလိုပဲ၊ ကြွတယ်လို့ မှတ်တဲ့အခါ အပေါ်ကို တရွေ့ပြီးတရွေ့ ရွေ့တက်နေတဲ့ ကြွတဲ့အမှုအရာကတခြား၊ မှတ်သိစိတ်ကတခြား၊ လှမ်းတယ်လို့ မှတ်လိုက်တဲ့အခါမှာ လည်း ရှေ့ကိုတရွေ့ပြီးတရွေ့ ရွေ့သွားတဲ့အမှုအရာကတခြား၊ မှတ်သိလိုက်တာကတခြား၊ ချတယ်လို့ မှတ်တဲ့အခါမှာလည်း အောက်ကို တရွေ့ရွေ့ ရွေ့ကျသွားတဲ့အမှုအရာကတခြား၊ မှတ်သိလိုက်တာကတခြားလို့ သဘောကိုမှတ်လို့ရရင် တခြား စီတခြားစီ ကွဲပြားပြီးတော့ သိလာတာကလည်း တစ်ဆက် တည်းပါပဲ။ ကြွတဲ့ လှမ်းတဲ့ ချတဲ့အမှုအရာတွေက အာရုံကို မသိတတ်တဲ့အတွက်ကြောင့် ရုပ်တရားလား၊ နာမ်တရား လား ... ရုပ်တရားပါဘုရား။ ကြွတယ် လှမ်းတယ် ချတယ် လို့ လိုက်လိုက်ပြီးတော့ မှတ်သိမှတ်သိနေတာက အာရုံကို သိတတ်တဲ့အတွက်ကြောင့် ရုပ်တရားပါလား၊ နာမ်တရားပါ လား ... နာမ်တရားပါဘုရား။

ဒီခန္ဓာကိုယ်ထဲမှာ ရုပ်တရားနာမ်တရားနှစ်ပါးပဲရှိတယ်၊ ငါဆိုတာမရှိဘူး၊ လောကဝေါဟာရ အပြောမျှပဲရှိတယ်လို့ ဒီလို နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးတော့သိသွားတာကို ဘာ ဉာဏ်လို့ခေါ် ... နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား။ နာမရူပ

www.dhammadownload.com

ပရိစ္ဆေဒဉာဏ်ဖြစ်အောင် ရှေးဦးစွာ အားထုတ်ရပါတယ်။

ဆောင်ပုဒ်။ ။ ပုထုဇနာ၊ နာမရူပါ၊ စတင်ကာ၊
မှန်စွာရှုရမည်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပြီးတော့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ်။ အကြောင်းနဲ့အကျိုးကိုသိတဲ့ဉာဏ်ဆိုတာလည်း နာမရူပပရိစ္ဆေဒဉာဏ် အခြေခံမှန်သွားရင် ပစ္စယပရိဂ္ဂဟ ဉာဏ်ကလည်း သိပ်တော့ မခက်လှတော့ဘူး၊ သူ့ဟာသူ အလိုလိုဆိုသလို ရောက်သွားပေတယ်။ ဖောင်းတာ ပိန်တာ တွေက ရှေ့ကပေါ်ပေါ်ပေးနေလို့ မှတ်သိစိတ်က နောက်က လိုက်လိုက်မှတ်နေရတာပဲ။ ဖောင်းတာပိန်တာတွေက အကြောင်းတရားပဲ၊ မှတ်သိစိတ်က အကျိုးတရားပဲလို့ ဒီလို သိသွားတယ်၊ တစ်ဆင့်တိုးပြီးသိသွားတာ ပစ္စယပရိဂ္ဂဟ ဉာဏ်ပဲ။ ဖောင်းတာပိန်တာတွေက အကြောင်းတရား၊ မှတ် သိစိတ်က ... အကျိုးတရားပါဘုရား။

ကြွ လှမ်း ချတဲ့အမူအရာတွေက ရှေ့ကပေါ်ပေါ်ပေးလို့ မှတ်သိစိတ်က နောက်ကလိုက်လိုက်မှတ်နေရတာပဲ၊ ကြွတဲ့ လှမ်းတဲ့ ချတဲ့အမူအရာတွေက အကြောင်းတရား၊ မှတ်သိ

www.dhammadownload.com

စိတ်က ... အကျိုးတရားပါဘုရား။ အကြောင်းနဲ့အကျိုးကို သိတာ ပစ္စယပရိဂ္ဂဟဉာဏ်။ သဘောကိုသိသွားပြီးတဲ့အခါ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်တွေ တစ်ဆက်တည်းလို လိုက်ပြီးသိလာပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ပြီးတော့ သမ္မသနဉာဏ်။ သမ္မသနဉာဏ်ကတော့ ဆိုးတဲ့ဉာဏ်ပဲ။ အဲဒီဉာဏ်ကို ရောက်သွားတဲ့အခါ ယောဂီဟောင်းများကတော့ မကြာခဏ ကိုယ်တိုင်ပဲ သိခဲ့ရတယ်။ ထိုင်လို့မှ သိပ်မကြာသေးဘူး၊ နာတာ ကျင်တာ အောင့်တာ ကိုက်တာ ခဲတာ မူးတာ ယားတာ အော့ချင် အန်ချင်ရှိတာတွေ ဒုက္ခဝေဒနာတွေ ရှေးဦးစွာ ထင်ရှားစွာတွေ့ရတယ်။ ဩော် ... ဒီခန္ဓာကိုယ်ကြီးဟာ ဒုက္ခပါလားလို့ သုံးသပ်ပြီးတော့သိတယ်။ ဒီဒုက္ခတွေကလည်း မမြဲဘူး၊ ခုတစ်မျိုး ခုတစ်မျိုး ခုနာလိုက် ခုကျင်လိုက် ခုအောင့်လိုက်နဲ့ မမြဲဘူး၊ မမြဲပါလား၊ မမြဲပါလားဆိုတာ ဗမာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ အနိစ္စပါလားလို့ သုံးသပ်ပြီးတော့သိတယ်။ ဒီလိုဒုက္ခတွေ ခံချင်လွန်းလို့ ဝိပဿနာတရား လာအားထုတ်တာလည်းမဟုတ်ဘူး၊ ချမ်းချမ်းသာသာနဲ့ တရားတွေမြန်မြန်တွေ့၊ တရားတွေ မြန်မြန်တက်ရအောင် ဝိပဿနာတရားလာအားထုပ်တာ၊ ခုတော့

www.dhammadownload.com

ကိုယ်ဖြစ်ချင်တိုင်းလည်း ဖြစ်လို့မရဘူး၊ ဒီခန္ဓာကိုယ်ကြီး ကိုယ်အစိုးမရပါလား၊ ကိုယ်အစိုးမရပါလားဆိုတာ ဗမာလို၊ ပါဠိလိုကျတော့ ... အနတ္တပါဘုရား။ အနိစ္စ ဒုက္ခ အနတ္တလို့ သုံးသပ်ပြီးတော့သိတာ သမ္မသနဉာဏ်ဖြစ်တယ်။ ဖြစ်ခိုက် ရှုလိုက်လို့ရှိရင် အဲဒီသဘောတရားတွေသိပြီးတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်ဆိုတာ တစ်ဆက်တည်းလိုပဲ သိလာတော့ကောပါပဲ။

ဒုတိယအဆင့်က အဖြစ်နဲ့အပျက်ကိုသိအောင် ရှုမှတ်ရမယ်။ သဘောသိမှ ဥဒယ=ဖြစ်၊ ဝယ=ပျက်ကို မြင်နိုင်သည်။ ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါ တောင့်တင်းတွန်းကန်မှု လေးတွေက အဆင့်ဆင့် အဆင့်ဆင့်၊ သဘောလေးတွေက အဆင့်ဆင့်၊ ပိန်တယ်လို့ မှတ်လိုက်တဲ့အခါမှာလည်း ပိန်တဲ့ သဘောအမူအရာလေး ရွေ့နေတာလေးက အဆင့်ဆင့် အဆင့်ဆင့်ဟူ၍ အဆင့်ဆင့်များကို သိလာတတ်ပါတယ်။ ထို့နောက် ဉာဏ်စဉ်တစ်ဆင့် တက်သွားတော့ အဲဒီအဆင့်ဆင့် အဆင့်ဆင့်လေးတွေဟာ တစ်ဆင့်နဲ့တစ်ဆင့် မစပ်တော့ဘူး၊ တစ်ဆင့် ဖြစ်ပြီးတော့မှပျက်သွား နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်သွား၊ အဆင့်ဆင့် အဆင့်ဆင့်လေးတွေဟာ ဖြစ်ပျက် ဖြစ်ပျက်ကလေးတွေ ဖြစ်သွားတယ်။

www.dhammadownload.com

ကြွတယ် လှမ်းတယ် ချတယ်လို့မှတ်တဲ့အခါမှာလည်း ဒီတိုင်းပဲ၊ အဆင့်ဆင့် အဆင့်ဆင့်လေးတွေဟာ ကြားပြတ်ကြားပြတ်သွားတော့ တစ်ဆင့်ကဖြစ်ပြီးတော့ပျက်သွား၊ နောက်တစ်ဆင့် ဖြစ်ပြီးတော့ပျက်၊ နောက်တစ်ဆင့် ဖြစ်ပြီးတော့ ပျက်သွားတာကို သိလာကြပေတယ်။ သဘောသိသွားတော့ ဖြစ်ပျက်တွေကို မသိသွားပါဘူးလား ... သိသွားပါတယ်ဘုရား။ ပေါ့တဲ့ လေးတဲ့သဘောတွေသိပြီးတဲ့အခါ အဲဒီပေါ့တဲ့လေးတဲ့ သဘောလေးတွေ အဆင့်ဆင့် ဖြစ်ပြီးတော့ ပျက်သွားတာ ယောဂီဟောင်းများတော့ ကိုယ်တိုင်ပဲ တွေ့သိကြရတာပါပဲ။

ဆောင်ဇုဒ်။ ။ သဘောသိမှ၊ ဥဒယ၊ ဝယမြင်နိုင်သည်။

ဒုတိယအဆင့်ကျတော့ အဖြစ်နဲ့အပျက်ကိုသိအောင် ရှုမှတ်ရမယ်။ တတိယအဆင့်ကျတော့ အပျက်ကိုသိအောင် ရှုမှတ်ရမယ်။ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတဲ့အခါ ဥဒယဗ္ဗယဉာဏ်အနုပိုင်းမှာတော့ အဖြစ်နဲ့အပျက်က သိပ်တော့ မထင်ရှားသေးဘူး၊ ချမ်းသာတာတွေကပဲ ထင်ရှားနေတယ်။ ကာယလဟုတာ စိတ္တလဟုတာ = ကိုယ်ကလည်းပေါ့ပါး စိတ်ကလည်းပေါ့ပါး၊ ကာယမုဒုတာ စိတ္တမုဒုတာ =

www.dhammadownload.com

ကိုယ်ကလည်းနှူးညံ့ စိတ်ကလည်းနှူးညံ့၊ ကာယကမ္မညတာ စိတ္တကမ္မညတာ = ကိုယ်ကလည်းခံကျန်း စိတ်ကလည်းခံကျန်း၊ ကာယပါဂုညတာ စိတ္တပါဂုညတာ = ကိုယ်ကလည်းလေ့လာပြီး စိတ်ကလည်းလေ့လာပြီး၊ မှတ်စရာအာရုံနှင့် မှတ်သိစိတ်တွေ အလိုလိုမှတ်နေသကဲ့သို့ ယောဂီမှာ လွယ်လွယ်ပဲ မှတ်ရှုနေရတယ်။ "တပည့်တော် ထိုင်ပြီးတော့ ကြည့်နေရသလိုပါပဲဘုရား" ယောဂီများ မကြာခဏ လျှောက်ထားတယ်။ ဘယ်ဉာဏ်များ ရောက်နေပါသလဲ ... ဥဒယဗ္ဗယဉာဏ် ရောက်နေပါတယ်ဘုရား။ ဥဒယဗ္ဗယဉာဏ် အနုပိုင်း ရောက်နေတယ်။

ကိုယ်ကလည်းချမ်းသာ စိတ်ကလည်းချမ်းသာ၊ ကိုယ်ကလည်းငြိမ်းအေး စိတ်ကလည်းငြိမ်းအေး၊ "လူ့ဘဝမှာ တစ်ခါမှ ဒီးခုလောက် ကိုယ်စိတ်တွေ မငြိမ်းအေးခဲ့ပါဘူးဘုရား၊ တပည့်တော် မပြောတောင် မပြောတတ်ပါဘူးဘုရား၊ တပည့်တော်ခန္ဓာကိုယ်လေးက ပစ်တိုင်းထောင်လေး ထောင်ထားသလို သူ့ဟာသူ အလိုလို ငြိမ်းအေးနေပါတယ်ဘုရား။ စိတ်ကလည်း ငြိမ်းအေးနေပါတယ်ဘုရား" ဥဒယဗ္ဗယဉာဏ် အနုပိုင်းရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်တွေ အမှတ်ကောင်းတဲ့ ယောဂီပုဂ္ဂိုလ်တွေ မကြာခဏလျှောက်ထားတယ်၊ ကာယိက

www.dhammadownload.com

သုခ စေတသိကသုခ = ကိုယ်ကလည်းချမ်းသာ၊ စိတ်က လည်းချမ်းသာဖြစ်ပေတယ်။

သုညာဂါရံ ပဝိဋ္ဌသ၊ သန္တစိတ္တသ ဘိက္ခုနော၊
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

သုညာဂါရံ = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ ပဝိဋ္ဌသ = ဝင်လျက်၊ သန္တစိတ္တသ = ငြိမ်သက်သောစိတ် ရှိသည်ဖြစ်၍၊ သမ္မာ = ကောင်းစွာ၊ ဓမ္မံ = ရုပ်တရား နာမ် တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ ဝိပဿတော = ဝိပဿနာရှုသော၊ ဘိက္ခုနော = ဘေးကိုရှုတတ်ရဟန်းမြတ် အား (ဝါ) ယောဂီမြတ်အား၊ အမာနုသီ = လူသာမန် နတ် သာမန်တို့ မခံစား မတွေ့သိနိုင်သော၊ ရတိ = ဝိပဿနာ ပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ ဟောတိ = ဖြစ်၏၊ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရုပ်တရားနာမ်တရားတွေ ဖြစ်ခြင်းပျက်ခြင်းသဘောကို ရှုမှတ်နေလိုက်တာ ဝိပဿနာပီတိသုခတွေဖြစ်လာလို့ အဲဒီဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့နေရတာ လူသာမန်မဆိုထားနဲ့ နတ်သာမန်တွေတောင်မှ မပျော်မွေ့နိုင်တဲ့ ပျော်မွေ့ခြင်းကို ရရှိနေတယ်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဟောကြားတော်မူသည့်အတိုင်း အမှတ်ကောင်းတဲ့ ယောဂီပုဂ္ဂိုလ်ကေ့ ကိုယ်တိုင်ပဲ တွေ့သိကြရတယ်။ ဥဒယဗ္ဗယဉာဏ် အနုပိုင်းမှာ ချမ်းသာခွင့်တွေရ၊ ချမ်းသာတာတွေနဲ့ပဲ တွေ့နေကြရပေတယ်၊ အရောင်အလင်းတွေလည်း မြင်နေတတ်ကြပါတယ်။ ဆက်ကာဆက်ကာ ရှုမှတ်လို့ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာတဲ့အခါ အစပိုင်းမှာတော့ သိပ်တော့မထင်ရှားသေးဘူး၊ ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တဲ့အခါ ဖြစ်တာ ပျက်တာတွေကို သိလာတတ်ပါတယ်။ အချို့အချို့သော ပုဂ္ဂိုလ်များကတော့ အဲဒီချမ်းသာတွေနဲ့ပဲ ပျော်မွေ့နေလို့ ဖြစ်ပျက်တွေ တော်တော်နဲ့မသိနိုင်ဘူး။ အဲဒါတွေပဲ တရားထူးတရားမြတ်တွေ ရထားတယ်လို့ ထင်နေတတ်တယ်။ အာရုံနိမိတ်တွေ၊ ကျောင်းဘုရားစေတီတွေ၊

www.dhammadownload.com

နတ်သမီးနတ်သားတွေ၊ ဗိမာန်တွေ တွေ့နေရတော့ ဒါတရား ရထားပြီလို့ မထင်သွားတတ်ပါဘူးလား ... ထင်သွားတတ် ပါတယ်ဘုရား။

ကမ္မဋ္ဌာန်းဆရာများက အထူးပဲ ကြောင့်ကြစိုက်ပြီး တော့ ပြပေးရတယ်။ "ယောဂီ ... ပေါ့ပေါ့ဆဆတွေ ရှုနေ လို့ မဖြစ်ဘူး၊ ရိုရိုသေသေ **စူးစူးစိုက်စိုက်** ရှုမှတ်ရတယ်။ ဖောင်းစနှင့်ဖောင်းဆုံး ပိန်စနှင့်ပိန်ဆုံးကို သိအောင် စူးစိုက် ရမယ်"ဟု မိန့်ကြားလိုက်သည့်အတိုင်း ရိုရိုသေသေ စူးစူး စိုက်စိုက် ရှုမှတ်လိုက်တဲ့အခါ ဖောင်းစနဲ့ဖောင်းဆုံးကို သိလာ တတ်ပါတယ်။ "ပထမ တစ်ရက်နှစ်ရက်တော့ သိပ်မသိပါဘူး ဘုရား၊ ဒီလိုပဲ မှတ်နေရပါတယ်၊ နောက်တစ်ရက်နှစ်ရက်ကျ တော့ သိလာပါပြီဘုရား၊ ဖောင်းစနဲ့ဖောင်းဆုံးကို တပည့်တော် ကောင်းကောင်းစူးစိုက်လို့ ရပါပြီ"လို့ လျှောက်ထားတယ်။ ဖောင်းစကဖြစ်၊ ဖောင်းဆုံးကျတော့ ... ပျက်ပါဘုရား။ ပိန်စကဖြစ်၊ ပိန်ဆုံးကျတော့ ... ပျက်ပါဘုရား။ ဖြစ်ပျက် မြင်သွားပြီး ဖြစ်ပေသည်။ သဘောသိမှ၊ ဥဒယ၊ ဝယမြင် နိုင်သည်။ ဥဒယ ဝယ အဖြစ်အပျက်ကို မြင်သွားပြီ။ ဘယ် အဆင့်ရောက်ပြီလဲ ... ဒုတိယအဆင့်ရောက်လာပါပြီဘုရား။

www.dhammadownload.com

သမာဓိဉာဏ်တွေ အဆင့်ဆင့် ရင့်ကျက်လာတဲ့အခါကျတော့ ဖောင်းတယ်လို့မှတ်လိုက်ရင် ဖောင်းတဲ့အထဲမှာလည်း အဆင့်ဆင့် အဆင့်ဆင့်၊ ပိန်တယ်လို့မှတ်လိုက်ရင်လည်း ပိန်တဲ့အထဲမှာလည်း အဆင့်ဆင့် အဆင့်ဆင့် ဖြစ်ဖြစ်ပြီးတော့ ပျက်သွားတာ၊ အဆင့်ဆင့်တွေ ဖြစ်ပျက်သွားတာကို မြင်သွားကြပါတယ်။ ဖြစ်ပျက်ကို မြင်သွားပြီးတဲ့အခါ အပျက်ကို မြင်အောင် ရှုမှတ်ကြရမယ်။

တတိယအဆင့်အနေနဲ့ ဘာကိုမြင်အောင် ရှုမှတ်ရမလဲ ... အပျက်ကိုမြင်အောင် ရှုမှတ်ရပါမယ်ဘုရား။ အပျက်ကို မြင်အောင် ရှုမှတ်နိုင်မှ ဗလဝဝိပဿနာ = အားရှိတဲ့ ဝိပဿနာဖြစ်သွားပြီဖြစ်တယ်။ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တိုင်အောင် တရုဏဝိပဿနာ = နုပျိုသေးတဲ့၊ အားနည်းတဲ့ ဝိပဿနာဉာဏ်တွေဖြစ်တယ်။ ပညတ်တွေကို ခွာခွာပြီးတော့ ပရမတ်ကိုသိအောင် စူးစူးစိုက်စိုက် မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရပါတယ်ဘုရား။ ပညတ်တွေကို ခွာနိုင်သမျှခွာ၊ ပရမတ်ကို သိနိုင်သမျှသိအောင် စူးစိုက်နေရတယ်။ ဝိပဿနာဉာဏ်က အားနည်းနေသေးလို့ပဲ။

www.dhammadownload.com

ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့အခါကျတော့ ပညတ်ပုံသဏ္ဌာန်ဒြပ်တွေ တဖြည်းဖြည်းကွာသွားတယ်။ ပရမတ်သဘောတွေပဲ ထင်ရှားလာတော့တယ်၊ ဝိပဿနာအားရှိလာတဲ့အတွက်ကြောင့် အပျက်အပျက်တွေကိုပဲ မြင်မြင်သွားကြတယ်။ တော်တော်နဲ့တော့ မမြင်ဘူး၊ တချို့ကလည်း သမာဓိဉာဏ်ကအားနည်းလို့၊ ရူမှတ်ပုံကလည်း နည်းမှန်လမ်းမှန် မဟုတ်လို့ရှိရင် အပျက်ကို တော်တော်နဲ့မမြင်ဘူး။ အပျက်ကိုမမြင်လို့ရှိရင် ဗလဝဝိပဿနာ မဖြစ်တဲ့အတွက်ကြောင့် တရားတွေအတက်နှေးမလား၊ မြန်မလား ... အတက်နှေးပါမယ်ဘုရား။ အတက်နှေးသွားလိမ့်မယ်။

ထို့ကြောင့် အပျက်ကိုမြင်အောင် ယောဂီများ ရူမှတ်ပုံရူမှတ်နည်းတွေ မကြာခဏ ဟောကြားပေးမနေရပါဘူးလား ... ဟောကြားပေးနေရပါတယ်ဘုရား။ "ယောဂီ ... ဖောင်းတယ် ပိန်တယ်လို့မှတ်တဲ့အခါမှာ ဖောင်းဆုံးကို များများသိအောင်စူးစိုက်၊ ပိန်တယ်လို့မှတ်တဲ့အခါမှာ ပိန်ဆုံးကို များများသိအောင်စူးစိုက်" "အဆုံးအဆုံးကျတော့ ရုပ်ရုပ်သွားတာ ပျက်ပျက်သွားတာပဲ၊ ဖောင်းတာနဲ့ပိန်တာနဲ့က မဆက်တော့ဘူးဘုရား၊ တစ်ပိုင်းစီ ဖြစ်နေတယ်ဘုရား" ဉာဏ်ထက်တဲ့ယောဂီတွေ မကြာခဏလျှောက်ထားတယ်၊ ဖောင်းတာ

www.dhammadownload.com

ဆုံးသွားပြီးမှ ပိန်တာပေါ်လာတယ်၊ ပိန်တာ ဆုံးသွားပြီးမှ ဖောင်းတာပေါ်လာတယ်၊ ဖောင်းဆုံးမှာ ပျက်ပျက်သွားတာ ပိန်ဆုံးမှာ ပျက်ပျက်သွားတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

"ယောဂီ ... အစအဆုံးရှိတဲ့အနက်က အဆုံးကို ပိုပြီး စူးစိုက်ရမယ်၊ အဆုံးကိုမြင်မြင်သွားရင် အပျက်ကို မြင်မြင်သွားတာနဲ့ အတူတူပဲ။ ဖောင်းဆုံး ပိန်ဆုံးတွေကို အထူး ဂရုစိုက်ပြီးတော့ ရှိရှိသေသေ စူးစူးစိုက်စိုက် ရှုမှတ်ရပါတယ်။ ဘယ်အာရုံမဆို အဆုံးကိုပဲ စူးစိုက်ပြီးတော့ ရှုမှတ်လို့ရှိရင် အဆုံးအဆုံးမှာ ကုန်ပျက်ကုန်ပျက်သွားတာ မြင်သွားကြပါတယ်။

ကြွတယ် လှမ်းတယ် ချတယ်လို့ မှတ်တဲ့အခါမှာလည်း ကြွဆုံး လှမ်းဆုံး ချဆုံးတွေကို အထူး ဂရုစိုက်ပြီးတော့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ မိမိဟာ ဥဒယဗ္ဗယဉာဏ်လောက်တော့ ရောက်နေပြီလို့ ယောဂီက သိနေတယ်။ ဘင်္ဂဉာဏ်မရောက်သေးဘူး၊ ဘာမှလည်း မထင်ရှားဘူး၊ အပျက်လည်း မတွေ့ရဘူး။ ဤကဲ့သို့ တချို့ကတော့ တော်တော်ကိုပဲ ရက်တွေက ကြာသွားပြီ၊

www.dhammadownload.com

အပျက်ကို မတွေ့ရဘူး။ အပျက်ကို မတွေ့တော့ ဘယ်လို မှတ်ရမလဲ၊ အဆုံးအဆုံးကို စူးစိုက်ပြီးတော့ မှတ်ရမယ်။ အာရုံ၏ အဆုံးအဆုံးကို ပိုပြီးတော့ စူးစိုက်ပြီးတော့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

ကြွဆုံး လှမ်းဆုံး ချဆုံးကို ပိုပြီးတော့၊ စူးစိုက်ပြီးတော့ ရှုမှတ်ရှုမှတ်လို့ ရသွားရင် ကြွဆုံးမှာ ရိပ်ခနဲ ပျက်သွားတာ၊ လှမ်းဆုံးမှာ ရိပ်ခနဲ ပျက်သွားတာ၊ ချဆုံးမှာ ရိပ်ခနဲ ပျက်သွားတာ ယောဂီဟောင်းများ ကိုယ်တိုင် တွေ့သိနေကြရပါတယ်။ အပျက်အပျက်တွေ မြင်သွားတဲ့ အခါကျတော့ ဘင်္ဂဉာဏ်ဖြစ်တယ်။ အပျက်ကိုမြင်တာ ဘာညာဏ် ... ဘင်္ဂဉာဏ်ပါဘုရား။ ဗလဝဝိပဿနာ = အားရှိတဲ့ ဝိပဿနာဖြစ်သွားပြီ။ ပညတ်ပုံသဏ္ဌာန်ဒြပ်တွေ တဖြည်းဖြည်း ကွယ်ပျောက်ကွယ်ပျောက်သွားပြီ၊ သဘော တရားမျှပဲ ကုန်ပျက်ကုန်ပျက်သွားတာကို မြင်ကြတယ်။

ဗလဝဝိပဿနာရောက်သွားတော့ မှတ်အားတွေ သိပ် ကောင်းသွားပြီး အဆင့်ဆင့် တိုးတက်သွားနိုင်ပါတယ်။ မှတ် လိုက်တာနဲ့ကုန်ပျက်၊ မှတ်လိုက်တာနဲ့ကုန်ပျက်၊ အလျှင် အမြန် ကုန်ပျက်ကုန်ပျက်နေတာ မြင်ရတော့ ကြောက်စရာ

www.dhammadownload.com

ကြီးပါလားလို့ မထင်လာတတ်ပါဘူးလား ... ထင်လာတတ်ပါတယ်ဘုရား။ ကြောက်စရာကြီးပါလားဆိုတာ ဘယ်ဉာဏ်ဖြစ်တယ်။

ကုန်ပျက်ကုန်ပျက်တာတွေပဲ မြင်နေရတော့ အို ... ဒီခန္ဓာကိုယ်ကြီး ဘာတစ်ခုမှ ကောင်းတာ မရှိပါလားလို့ ဒီလိုသိလာတယ်။ မသိလာပါဘူးလား ... သိလာပါတယ်ဘုရား။ အဲဒါ အာဒီနဝဉာဏ်ဖြစ်တယ်။ အပျက်တွေချည်းပဲ တွေ့နေရတော့ အို ... ငြီးငွေ့စရာ ခန္ဓာကိုယ်ကြီးပဲလို့ မထင်လာတတ်ပါဘူးလား ... ထင်လာတတ်ပါတယ်ဘုရား။ အဲဒါ နိဗ္ဗိဒါဉာဏ်ဖြစ်တယ်။

ငြီးငွေ့စရာ ခန္ဓာကိုယ်ကြီး အပျက်တွေချည်းပဲ၊ အဲဒီ ခန္ဓာကိုယ်ကြီးက ဒီအပျက်တွေက လွတ်မြောက်မှပဲ ကောင်းမှာပါ။ လွတ်မြောက်ချင်တဲ့ဉာဏ်ကို ဘာဉာဏ် ခေါ်သလဲ ... မုဉ္စိတုကမျတာဉာဏ်ပါဘုရား။ တချို့ ယောဂီများကတော့ "အမှတ်တွေကိုတောင် လွှတ်ထားလိုက်ချင်တယ်၊ မမှတ်ချင်တော့ဘူး။ ဘယ်ဘုံဘဝမှလည်း မလိုချင်တော့ဘူးဘုရား"တဲ့။ "ဒီဘဝနဲ့ပဲ အပြတ်ပါပဲဘုရား"တဲ့။ ဘယ်ဉာဏ်များ ရောက်နေလဲ ... မုဉ္စိတုကမျတာဉာဏ်

www.dhammadownload.com

ပါဘုရား။ ဘာကိုမှ မလိုချင်တော့ဘူး၊ အကုန်လုံး လွှတ်ပစ်ချင်တယ်၊ စွန့်ပစ်ချင်တဲ့ဉာဏ်ကို ဘာဉာဏ် ... မုဉ္စိတုကမျှတာဉာဏ်ပါဘုရား။ ယောဂီက တစ်ခါတည်း အမှတ်တွေလည်း လွှတ်ပြီးတော့ နေလိုက်ချင်တယ်၊ လွှတ်ပြီးတော့လည်း နေမိတတ်ကြတယ်။ လွှတ်ပင်လွှတ်ငြားသော်လည်း အမှတ်တွေကတော့ ကပ်နေလို့ လွှတ်လို့မရဘူး။

ဒီလို လွှတ်ထားလို့တော့ မရဘူး၊ မှတ်မှပဲရမယ်လို့ ပြန်မှတ်တဲ့ဉာဏ်ကိုတော့ ပဋိသန္ဓါဉာဏ်။ အဲဒီပဋိသန္ဓါဉာဏ်မှာတော့ ဒုက္ခဝေဒနာတွေ သမ္မသနဉာဏ်မှာထက်တောင် ပိုပြီးတော့ များနေတတ်တယ်။ ၃-နံပါတ်ဉာဏ်မှာ ဒုက္ခဝေဒနာ နည်းခဲ့တဲ့ပုဂ္ဂိုလ် ပဋိသန္ဓါဉာဏ် ၁၀-နံပါတ်ဉာဏ်သို့ ရောက်လာတဲ့အခါ ဒုက္ခတွေ ပိုပြီးတော့ တွေ့လာတယ်။ ကိုယ်ကလည်းဆင်းရဲ စိတ်ကလည်းဆင်းရဲ။ ခဏခဏ ထသွားချင်၊ လက်ကလေးကလှုပ်ချင်၊ ခြေလေးကလည်း လှုပ်ချင်။ ထိုင်လို့မှ သိပ်မကြာဘူး၊ ထပြီးတော့ စက်လှေကားချင် ဂနာမငြိမ်ဘဲ ဖြစ်နေတတ်တယ်။ ဘာဉာဏ်ပါလဲ ... ပဋိသန္ဓါဉာဏ်ပါဘုရား။ တရားတွေ ရတော့မှာ မဟုတ်တော့ပါဘူး။ ရက်တွေလည်း အတော်ကြာသွားပြီ၊ တရားတွေ ဆိုးလာတယ်။ ရှေ့ပိုင်းကတော့ အသင့်အတင့်

www.dhammadownload.com

ကောင်းလာရဲ့သားနဲ့ အခုဆိုးတော့ တရားရတော့မှာ မဟုတ်ဘူးလို့ ဒီလိုလည်း ယောဂီစိတ်ထဲမှာ ထင်ထင်သွားတတ်တယ်။

ဆရာသမားတွေက ညွှန်ကြားတဲ့အတိုင်း ရိုရိုသေသေစူးစူးစိုက်စိုက် မှတ်လိုက်တဲ့အခါ သခ်ၤါရုပေက္ခာဉာဏ် ရောက်သွားတယ်။ သခ်ၤါရုပေက္ခာဉာဏ် ရောက်သွားတော့ ယောဂီက ကျေနှစ်ရသွားတယ်။ လောကဓံတရားတွေ သည်းခံသွားနိုင်တယ်။ ဆင့်ကာဆင့်ကာ ရှုမှတ်လို့ သမာဓိဉာဏ်ကွေတစ်ဆင့် ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ သခ်ၤါရုပေက္ခာဉာဏ် အရင့်ပိုင်းသို့ ရောက်သွားတဲ့အခါ မဂ် ဖိုလ်နဲ့ လျော်တဲ့ အနုလောမဉာဏ် ဖြစ်လာတယ်။ အနုလောမဉာဏ်ဖြစ်ပြီးတာနဲ့ ပုထုဇဉ်အနွယ်ကိုဖြတ်ပြီးတော့ အရိယာနယ်ထဲသို့ ရောက်သွားတဲ့ ဂေါတြဘူဉာဏ် ဖြစ်လာတယ်။

ဂေါတြဘူပြီးတော့ စိတ်တစ်ခုမှ မခြားတော့ဘူး၊ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်သွားတယ်။ အပါယ်တံခါး အပြီးတိုင်ပိတ် နိဗ္ဗာန်ကိုမြင်၊ နောင်ဘယ်သောအခါမှ အပါယ်သံသရာသို့ ပြန်မရောက်ရတဲ့အဖြစ်ကို ရရှိသွားတယ်။ အောက်မဂ် အောက်ဖိုလ်ကို ရသွားပြီဖြစ်တယ်။

www.dhammadownload.com

အောက်မဂ် အောက်ဖိုလ်ရရှိရန် နည်းမှန်လမ်းမှန် အားထုတ်ပုံလေးဟောတာ ပြည့်စုံပြီလား၊ မပြည့်စုံသေးဘူးလား ... ပြည့်စုံပါပြီဘုရား။ အသင့်အတင့် ပြည့်စုံသွားပြီ၊ ဒါက လိုရင်းသိပ်မဟုတ်ဘူး၊ ယောဂီဟောင်းကြီးတွေက ဒီအောက်မဂ် အောက်ဖိုလ်ကို အားထုတ်နေတဲ့၊ အားထုတ်ခဲ့တဲ့လမ်းစဉ်ကို ကိုယ်တိုင် တော်တော်ကိုပဲ မှတ်မိနေကြပြီးဖြစ်တယ်။ ဒါပေမယ့် ယောဂီသစ်လေးတွေအတွက်တော့ ထည့်မဟောရပါဘူးလား ... ထည့်ဟောရပါတယ်ဘုရား။ အောက်မဂ် အောက်ဖိုလ်ကိုရရှိရန် နည်းလမ်းမှန်ကန်စွာ ရှုမှတ်ပွားများ အားထုတ်ပုံကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ယခုရပြီးသော အောက်ဖိုလ်ကို မြဲမြံခိုင်ခံ့အောင် လေ့ကျင့်သောအားဖြင့် ရှုမှတ်ပွားများပုံ၊ အားထုတ်ပုံကို ဟောကြားပါတော့မယ်။ အထက်မဂ် အထက်ဖိုလ်သို့ တက်ချင်တဲ့၊ ရောက်ချင်တဲ့ပုဂ္ဂိုလ်များ အောက်မဂ် အောက်ဖိုလ်ကို ခိုင်ခံ့အောင် မပြုလုပ်ရပါဘူးလား ... ပြုလုပ်ရပါတယ်ဘုရား။ သူကတော့ သိပ်အရေးကြီးတယ်။ အောက်မဂ် အောက်ဖိုလ်မှ မခိုင်ခံ့ဘဲနဲ့ အထက်မဂ် အထက်ဖိုလ် တက်ချင်တဲ့ပုဂ္ဂိုလ် ရောက်မှရောက်နိုင်ပါ့မလား ... မရောက်နိုင်ပါဘုရား။ မရောက်နိုင်ဘူး။ အောက်မဂ် အောက်ဖိုလ်

www.dhammadownload.com

ရသွားပြီးတဲ့ ထိုပုဂ္ဂိုလ်ဟာ ပုထုဇဉ်လား၊ အရိယာလား ... အရိယာပါဘုရား။ ဗဟုသုတအနေနဲ့လည်း မေးမေးပေးရပါတယ်။ အောက်မဂ် အောက်ဖိုလ် ရပြီးတဲ့ပုဂ္ဂိုလ်က ပုထုဇဉ်လား၊ အရိယာလား ... အရိယာပါဘုရား။

ဆောင်ပုဒ်။ ။ အရိယာမှာ၊ ဥဒယဗ္ဗယာ၊ စတင်ကာ၊
မှန်စွာရှုရမည်။

အောက်မဂ် အောက်ဖိုလ် ရသွားပြီးတဲ့ ပုဂ္ဂိုလ်ဟာ အရိယာဖြစ်သွားပြီ။ အဲဒီအရိယာဖြစ်သွားပြီးတော့ အထက်မဂ် အထက်ဖိုလ်ကို ရောက်ရှိရန် လေ့ကျင့်ရမယ်။ မြဲမြံစွာ၊ ခိုင်ခံ့စွာ အောက်မဂ် အောက်ဖိုလ်တွေမှာ တည်ရှိနေရအောင် လေ့ကျင့်သောအားဖြင့် အားထုတ်ရမယ်။ ဘယ်လို အားထုတ်ရမလဲဆိုတော့ ဆောင်ပုဒ်အရင်ဆိုထားရင် ပိုကောင်းပါတယ်။ ဆောင်ပုဒ်ပဲ အရင်ဆိုကြပါစို့။

ဆောင်ပုဒ်။ ။ ရပြီးဖိုလ်မှန်၊ မြန်ရောက်ရန်နှင့်၊
ကြာကြာတည်ရန်၊ စိတ်ရည်သန်၊
ဖန်ဖန်ပွားရမည်။

www.dhammadownload.com

ရပြီးဖိုလ်မှန်၊ မြန်ရောက်ရန်နှင့်ဟု ဆိုရာ၌ အောက်ဖိုလ်ဆိုလို့ရှိရင် သောတာပတ္တိဖိုလ်ဖြစ်တယ်။ ရပြီးတဲ့ သောတာပတ္တိဖိုလ်သို့ အမြန်ရောက်အောင်လည်း အားထုတ်ရမယ်။ အမြန်ရောက်အောင် အားထုတ်ပြီးတဲ့အခါ ကြာကြာတည်အောင်လည်း အားထုတ်ရမယ်။ ကြာကြာတည်အောင် အားထုတ်ပြီးတဲ့အပြင် အဖန်ဖန် အထပ်ထပ်အခါခါလည်း ဝသီဘော်ဖြစ်အောင် လေ့လာပြီးတော့လည်း အားထုတ်ရမယ်။ ဘယ်နှစ်ချက်ပါလဲ ... သုံးချက်ပါဘုရား။ အမြန်ရောက်အောင်လည်း အားထုတ်ရမယ်၊ ကြာကြာတည်အောင်လည်း အားထုတ်ရမယ်၊ အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်အခါခါလည်း အားထုတ်ရမယ်။ ရပြီးဖိုလ်မှန်၊ မြန်ရောက်ရန်နှင့်ဟု ဆိုရာ၌ အမြန်ရောက်အောင်လည်း အားထုတ်ရမယ်၊ ကြာကြာတည်အောင်လည်း အားထုတ်ရမယ်၊ အဖန်ဖန်လည်း ပွားများအားထုတ်ရမယ်။ ဒီသုံးချက်ကို လေ့လာသောအားဖြင့် အားထုတ်နေရမယ်။

ဘယ်ကစပြီးတော့ အားထုတ်ရပါ့မလဲ ... ဥဒယဗ္ဗယဉာဏ်က စပြီးတော့ အားထုတ်ရပါမယ်ဘုရား။ ဥဒယဗ္ဗယဉာဏ်က စပြီးတော့ အားထုတ်ရမယ်။ ဥဒယဗ္ဗယ၊ ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါ

www.dhammadownload.com

ရုပေကွာ၊ အနုလောမ သုံးကြိမ်၊ လေးကြိမ်ဖြင့် အောက်ဖိုလ်သို့ တစ်ခါတည်း ရောက်သွားတယ်။ အဲဒီအဆင့်ဆင့် ဉာဏ်စဉ်တွေဟာ အမြန်တိုးတက်သွားပြီးတော့ အောက်ဖိုလ် ဝင်စားနိုင်ရမည်။ အမြန်ရောက်အောင်လည်း ကြိုးစားပြီးတော့ အားထုတ်ရမယ်။ လေ့ကျင့်ပေးရမယ်။

ဘယ်လိုလေ့ကျင့်ပေးရမလဲ၊ လေ့ကျင့်ပုံမှာ အခုတရားနာပရိသတ်များ၊ ယောဂီများ တစ်နာရီ ထိုင်မှတ်တာပဲ ပို့များပါတ'ယ်။ အခုခေတ်ယောဂီများ ကန့်သတ်ပေးထားတာ ဘယ်နှစ်နာရီ ကန့်သတ်ပေးထားပါသလဲ ... တစ်နာရီ ကန့်သတ်ပေးထားပါတယ်ဘုရား။ တစ်နာရီ ကန့်သတ်ပေးထားတာများတယ်။ အဲဒီ တစ်နာရီမှာ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်မှတ်လို့ မိနစ်၅၀-ကျလို့ရှိရင် ရပြီးအောက်ဖိုလ်သို့ ပြန်ဝင်စားနိုင်ရပါလို့၏ဟု ရှေးဦးစွာတော့ မိနစ်၅၀-လောက်ပဲ အဓိဋ္ဌာန်ပြုရပါတယ်။ မိနစ်၅၀-ရောက်သွားရင် ချုပ်ငြိမ်းရာ အောက်ဖိုလ်သို့ ရောက်သွားတယ်ဆိုလို့ရှိရင် နောက်တစ်ကြိမ်ထိုင်တော့ မိနစ်၄၀-မှာ ဝင်စားနိုင်ရပါလို့၏၊ အောက်ဖိုလ်သို့ ရောက်ရပါလို့၏ဟု အဓိဋ္ဌာန်ပြုရတယ်။ ၁၀-မိနစ် ပို့မြန်လာပါဘူးလား ... မြန်လာပါတယ်ဘုရား။ မိနစ်၄၀-မှာ ဝင်စားလို့ရပြီဆိုလို့ရှိရင်

www.dhammadownload.com

နောက်တစ်ကြိမ် ထိုင်တဲ့အခါကျတော့ မိနစ်၃၀-ရောက်လို့ ရှိရင် ချုပ်ငြိမ်းရာသို့ ရောက်ပါစေ၊ အောက်ဖိုလ်သို့ ဝင်စားနိုင်ပါစေဟု အဓိဋ္ဌာန်ပြု၍ ရွှမှတ်ရမယ်။ ပိုပိုမမြန်လာပါဘူးလား ... ပိုပိုမြန်လာပါတယ်ဘုရား။

မိနစ်၃၀-မှာ ဝင်စားလို့ ရသွားပြီဆိုရင် နောက်တစ်ကြိမ်ထိုင်တော့ မိနစ်၂၀-မှာ ဝင်စားနိုင်ရပါလိမ့်၏၊ အောက်ဖိုလ်သို့ ရောက်ရပါလိမ့်၏၊ သောတာပတ္တိဖိုလ်သို့ ပြန်ရောက်ရပါလိမ့်၏ဟု အဓိဋ္ဌာန်ပြုရပါတယ်။ မိနစ်၂၀-မှာ တစ်ခါရသွားပြန်ပြီဆိုလို့ရှိရင် ၁၀-မိနစ်မှာ ဝင်စားနိုင်ပါစေဟု အားထုတ်ကြည့်ရမယ်။ ၁၀-မိနစ်လောက် အားထုတ်ပြီး ရောက်သွားရင်တော့ မမြန်ပါဘူးလား ... မြန်ပါတယ်ဘုရား။ အဲဒီလို အဆင့်ဆင့် အဆင့်ဆင့် အမြန်ရောက်အောင်လည်း အားထုတ်ကြည့်ရမယ်၊ လေ့ကျင့်ပေးရမယ်။ ပါဠိဝေါဟာရမှာတော့ ဝသီဘော်လုပ်ပေးရမယ်ဟု ဆိုလိုပါသည်။

မိနစ်၅၀-မှာ ရောက်ပြီးလို့ရှိရင် နောက်တစ်ခါ မိနစ်၄၀-မှာရောက်အောင်၊ မိနစ်၄၀-မှာ အောက်ဖိုလ်သို့ ရောက်ပြီးလို့ရှိရင် မိနစ်၃၀-မှာ အမြန်ရောက်သွားရအောင်၊ မိနစ်၃၀-မှာ ရောက်လို့ရှိရင် မိနစ်၂၀-မှာ အမြန်ရောက်

www.dhammadownload.com

နိုင်ရအောင်၊ မိနစ်၂၀-မှာ ရောက်လို့ရှိရင် ၁၀-မိနစ်မှာ အမြန်ရောက်ပါစေ။ "မြန်ရောက်ရန်နှင့်" အဓိပ္ပါယ် ပေါ်သွားပါလား ... အဓိပ္ပါယ်ပေါ်ပါတယ်ဘုရား။ အမြန်ရောက်အောင် လေ့ကျင့်ရတယ်။ အစပိုင်းတော့ မိနစ်၅၀-လောက်ကပဲ လေ့ကျင့်၊ နောက်တော့ သမာဓိဉာဏ် အားကောင်းရင်တော့ ကိုယ်အလိုရှိသလို လေ့ကျင့်ပါ။ လေ့ကျင့်လို့ရလာပါလိမ့်မယ်။

ကြာကြာတည်ရန်လည်း အားထုတ်ရမယ်။ ခုနက အဓိဌာန်တဲ့အတိုင်းပဲ ဖောင်းတယ်၊ ပိန်ဝယ်၊ ထိုင်တယ်၊ ထိတယ်ရှုမှတ်ကာ တစ်နာရီတွင် မိနစ်၅၀-ကျလို့ရှိရင် ချုပ်ငြိမ်းရာသို့ ရောက်ပါစေ၊ ၁၀-မိနစ် ချုပ်ငြိမ်းနိုင်ပါစေစသည်ဖြင့် ကြာကြာတည်အောင် အဓိဌာန်ပြုရသည်။ ၁၀-မိနစ်ချုပ်ငြိမ်းရင် နောက်တစ်ခါ တိုးပြီးတော့ ၁၅-မိနစ်ချုပ်ငြိမ်းရာမှာ တည်နိုင်ပါစေ။ ၁၅-မိနစ်ချုပ်ငြိမ်းရာမှာ တည်နိုင်လို့ရှိရင်၊ တည်နိုင်သွားပြဲဆိုရင် မိနစ်၂၀-တိုင်အောင် ချုပ်ငြိမ်းရာမှာ တည်နိုင်ပါစေ။ ကြာကြာတည်အောင် မလေ့ကျင့်ရပါဘူးလား ... လေ့ကျင့်ရပါတယ်ဘုရား။ မိနစ်၂၀-မှာ တည်သွားနိုင်ပြီဆိုရင် နောက်တစ်ကြိမ်ထိုင်တော့ ချုပ်ငြိမ်းရာမှာ မိနစ်၃၀၊ နာရီဝက် တည်နိုင်ပါစေ။ ကြာကြာ

www.dhammadownload.com

တည်အောင် မလေ့ကျင့်ရပါဘူးလား ... လေ့ကျင့်ရပါ**တယ်** ဘုရား။

မိနစ်၃၀-မှာ ကြာကြာတည်သွားပြီဆိုရင် မိနစ်၄၀-လောက် ကြာကြာတည်နိုင်အောင် လေ့ကျင့်ပြီးတော့ အားထုတ်ရတယ်။ နောက်တစ်ကြိမ်ကျတော့ မိနစ်၄၀-တည်နိုင်ပါစေ၊ နောက်တစ်ကြိမ်ကျတော့ မိနစ်၅၀-ထိအောင် တည်နိုင်ပါစေ၊ နောက်တစ်ကြိမ်အားထုတ်တော့ တစ်နာရီထိအောင်ပဲ ကြာကြာတည်နိုင်ပါစေလို့ ကိုယ့်သမာဓိဉာဏ်အားလျော်စွာ ကြာကြာတည်နိုင်အောင် ဆောက်တည်ပြီးတော့လည်း အားထုတ်ရတယ်။ "ကြာကြာတည်ရန်" အဓိပ္ပါယ် ရှင်းသလောက်တော့ ရှင်းသွားပါပြီ ... ရှင်းပါတယ်ဘုရား။ အချိန်မိနစ်တွေ ကြာကြာတည်ရန် ချုပ်ငြိမ်းရာမှာ များများတည်နေရအောင် ဆောက်တည်ပြီးတော့ အားထုတ်ရပါတယ်။ အဲဒါလည်း **သမာဓိဉာဏ်**တွေ အသင့်အတင့် အားရှိတဲ့ပုဂ္ဂိုလ်တွေကတော့ လေ့ကျင့်လို့ ရပါတယ်။ သမာဓိဉာဏ် အသင့်အတင့် အားရှိနေတဲ့ အခိုက်အကန့် လေ့ကျင့်လို့ရတယ်။ သမာဓိဉာဏ် နည်းနည်းအားနည်းနေလို့ရှိရင် လေ့ကျင့်လိုက်တဲ့အခါကျမှ ဝင်စားလို့ မရဘဲလည်း ဖြစ်သွားတတ်တယ်။

www.dhammadownload.com

ဆရာတော်၏ အတွေ့အကြုံဖြစ်ခဲ့သည်မှာ ကမ္မဋ္ဌာန်းဆရာအဖြစ် ဆရာသမားတွေက ခန့်မယ့်ပုဂ္ဂိုလ်တွေ ရိပ်သာကြီးကို ပို့လိုက်တယ်။ ဓမ္မာစရိယအောင်ပြီးသား ပုဂ္ဂိုလ်တွေ လာအားထုတ်ကြတယ်။ အားထုတ်လိုက်တာ သူတို့ ဉာဏ်ကလည်း ထက်တော့ မကြာခင်ပဲ ချုပ်ငြိမ်းရာသို့ ရောက်တဲ့အကြောင်း လျှောက်ထားကြတယ်။ အဲဒီတော့ အဓိဋ္ဌာန်ပြုရမယ်၊ နာရီဝက်မှာ ချုပ်ငြိမ်းရာသို့ ရောက်ရပါလို၏။ ၅-မိနစ် ချုပ်ငြိမ်းရပါလို၏။ ၁၀-မိနစ် ချုပ်ငြိမ်းရပါလို၏ဟု အဓိဋ္ဌာန်ပြုရမယ်။ ကမ္မဋ္ဌာန်းဆရာလုပ်မယ့် ပုဂ္ဂိုလ်တွေဆိုတော့ အဓိဋ္ဌာန်ပြုခိုင်းရတယ်။ အဓိဋ္ဌာန်ပြုခိုင်းလိုက်တော့ အဓိဋ္ဌာန်ပြုလိုက်တဲ့အခါကျမှ မရတော့ဘူးဘုရားတဲ့။ ပြန်လုပ်လို့ကို မရတော့ဘူး။ အရင်တုန်းက ရနေသားပဲ။ ဘယ့်နယ်ဖြစ်သွားတာလဲ ... သမာဓိအားနည်းလို့ပါဘုရား။

အို ... မဟုတ်ဘူး။ ပူပန်မှုတွေ ဝင်သွားလို့ဖြစ်တယ်။ ရောက်မှရောက်ပါ့မလား၊ ရမှရပါတော့မလား။ ပူပန်မှုကလေး မဝင်သွားပါဘူးလား ... ဝင်သွားပါတယ်ဘုရား။ နဂိုတုန်းက ရနေတဲ့ပုဂ္ဂိုလ်တွေပဲ၊ အဓိဋ္ဌာန်ခိုင်းလိုက်တဲ့အခါကျတော့မှ မရတော့ဘူး။ စိတ်ကပူပန်နေတော့ ရောက်မှ ရောက်ပါ့မလား၊ ရမှရပါတော့မလား၊ အဓိဋ္ဌာန်ပြည့်မှ

www.dhammadownload.com

ပြည့်ပါ့မလားလို့ ဒီလိုသံသယလေး၊ ကြောင့်ကြမှုလေး ဝင်သွားရင်လည်း ... မရတော့ပါဘုရား။ မရတော့ဘူး အဲဒါကိုယ့်စိတ်ကိုကိုယ် မှန်မှန်ထားနိုင်ဖို့ဖြစ်တယ်။ ရောက် ချင်ရောက် မရောက်ချင်နေ အဓိဋ္ဌာန်တော့ပြုလိုက်မယ်၊ မလျော့ထားရပါဘူးလား ... လျော့ထားရပါတယ်ဘုရား။

ရောက်ရမယ်၊ ရောက်ရမယ်လို့ သိပ်တင်းထားရင် လည်း ရောက်မှရောက်ပါ့မလား ... မရောက်နိုင်ပါဘုရား။ မဇ္ဈိမပဋိပဒါလို့ မြတ်စွာဘုရား မဟောပါဘူးလား ... ဟော ပါတယ်ဘုရား။ မဇ္ဈိမပဋိပဒါ အရာရာမှာ အရေးကြီးပါတယ်။ အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်အခါခါလည်း ရောက်ပြီးတဲ့ ဖိုလ်တွေကို ပွားများပေးရမယ်။

၂-နံပါတ် ရပြီးအောက်ဖိုလ်ကို မြို့မြဲခိုင်ခံ့အောင် လေ့ ကျင့်သောအားဖြင့် အားထုတ်ပုံကို ဟောကြားတာ အသင့် အတင့် ပြည့်စုံသွားပါပြီ။ ယခု ၃-နံပါတ် အထက်မဂ်ဖိုလ် သို့ ရောက်ရှိရန် နည်းလမ်းမှန်ကန်စွာ ရှုမှတ် ပွားများအား ထုတ်ပုံကို ဟောကြားပါတော့မယ်။ ရှေးဦးစွာ ဆောင်ပုဒ် ဆိုကြရမယ်။

www.dhammadownload.com

ဆောင်ဒုဒ်။ ။ ရက်ကိုကန့်သတ်၊ အာသာဖြတ်၍၊
စိတ်ညွတ်အပ်ပါ၊ ဤသုံးဖြာ၊
မှန်စွာပြုရမည်။

ပထမ အထက်မဂ်ဖိုလ်တို့ကို အားထုတ်ဖို့ရန် ရက်ကို ကန့်သတ်ရမယ်။ ဒုတိယ အောက်ဖိုလ်ဝင်စားမှု အာသာဆန္ဒကို ဖြတ်ရမယ်။ တတိယ အထက်မဂ်ဖိုလ်သို့ရောက်အောင် အားထုတ်မယ်လို့ စိတ်ကိုညွတ်ထားရမယ်။ ဘယ်နှစ်ချက်လဲ ... သုံးချက်ပါဘုရား။ ရက်ကိုကန့်သတ်ထားရမယ်။ ဒီရက်က ဒီရက်တိုင်အောင်တော့ အထက်မဂ်ဖိုလ်အတွက် အားထုတ်မယ်။ ရက်ကိုကန့်သတ်တာဖြစ်တယ်။ ဒုတိယကတော့ အောက်ဖိုလ်ဝင်စားမှု အာသာဆန္ဒကို ဖြတ်ထားရမယ်။ တတိယကတော့ အထက်မဂ် အထက်ဖိုလ်သို့ရောက်အောင် အားထုတ်မယ်လို့ စိတ်ကို ညွတ်ထားရမယ်။ ဒီသုံးမျိုးနဲ့ အားထုတ်ရမယ်လို့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ညွှန်ပြပါတယ်။

အဲဒီတော့ အထက်မဂ် အထက်ဖိုလ်ကိုရောက်အောင် အားထုတ်တော့လည်း ဘယ်ဉာဏ်ကိုဖြစ်အောင် စပြီး အားထုတ်ရမလဲဆိုတော့ ဥဒယဗ္ဗယဉာဏ်ကစပြီးတော့ အား

www.dhammadownload.com

ထုတ်ရမယ်။ အရိယာဖြစ်သွားတော့ ဥဒယဗ္ဗယဉာဏ်က စပြီးတော့ အားထုတ်ရမယ်။ အားထုတ်တဲ့အခါမှာတော့ အောက်ဖိုလ်ကို ဝင်စားတာလောက်လည်း ဉာဏ်စဉ် တက်တာက မမြန်ဘူး၊ အောက်ဖိုလ်ကို ဝင်စားတဲ့အခါမှာတော့ အလေ့အကျင့်တွေရနေတော့ အမြန်အမြန် ချုပ်ငြိမ်းရာ ချုပ်ငြိမ်းရာသို့ ရောက်ရောက်သွားကြတယ်။ အဲဒီလောက်လည်း မမြန်တော့ဘူး။ အောက်မင် အောက်ဖိုလ်တွေရအောင် အားထုတ်တုန်းကလိုလည်း မနေးဘူး၊ အဲဒီအလယ်အလတ်မှာရှိတယ်။ သဘောတရားလေးတွေလည်း မသိထားရပါဘူးလား ... သိထားရပါတယ်ဘုရား။

အောက်ဖိုလ်ဝင်စားတာလောက်လည်း အမြန်မရောက်ဘူး၊ အောက်မင် အောက်ဖိုလ်ကို ပုထုဇဉ်ဘဝက စပြီးတော့ အားထုတ်တာလောက်လည်း မနေးဘူး၊ အဲဒီ ကြားထဲမှာ ရှိတယ်။ ဘယ်ကစအားထုတ်ရမလဲ ... ဥဒယဗ္ဗယဉာဏ်ကစပြီး အားထုတ်ရပါမယ်ဘုရား။ ဥဒယဗ္ဗယဉာဏ်ကစပြီး အားထုတ်တော့ ဥဒယဗ္ဗယဉာဏ် အနုပိုင်းမှာ အရောင်အလင်းတွေ ပုံသဏ္ဌာန်နိမိတ်တွေ ပြန်ပြီးတော့ ထင်ရှားနေတတ်ပါတယ်။ အဲဒီလို ထင်ရှားတော့ မိမိတို့ ရထားတဲ့ တရားဟာ မှန်မှန်ပါရဲ့လား၊ အောက်ဉာဏ်တွေ ပြန်ရောက်

www.dhammadownload.com

နေပါပကောလို့ ဒီလိုလည်း သံသယမဖြစ်တတ်ပါဘူးလား ... သံသယဖြစ်တတ်ပါတယ်ဘုရား။ မဖြစ်ပါနဲ့။

ဥဒယဗ္ဗယညာဏ် အနုပိုင်းသို့ ပြန်ရောက်နေတော့ ပုံသဏ္ဌာန်ဒြပ်တွေ၊ နိမိတ်တွေ၊ ကျောင်း ဘုရား စေတီတွေလည်း ပြန်ထင်ရှားနေတတ်ပါတယ်။ ထင်ရှားနေတော့ ပေါ်တဲ့အတိုင်းပဲ မမှတ်ရပါဘူးလား ... ပေါ်တဲ့အတိုင်း မှတ်ရပါတယ်ဘုရား။ အလင်းကိုတွေ့တော့လည်း မြင်တယ်၊ မြင်တယ်။ ပုံသဏ္ဌာန်တွေ မြင်ရတော့လည်း မြင်တယ်၊ မြင်တယ်ပဲ မှတ်ရမယ်။ ဆင့်ကာဆင့်ကာမှတ်တော့ ဥဒယဗ္ဗယညာဏ် အရင့်ပိုင်းသို့ ရောက်သွားမယ်။ ဥဒယဗ္ဗယညာဏ် အရင့်ပိုင်းသို့ ရောက်သွားပြီးတဲ့အခါ ဘင်္ဂညာဏ်ရောက်တော့မယ်။ ဘင်္ဂညာဏ်မှာ မထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများရှိတယ်။ ဘင်္ဂညာဏ် မထင်ရှားတော့ ရှေ့ကို တက်မှတက်နိုင်ပါ့မလား ... မတက်နိုင်ပါဘုရား။ မတက်နိုင်ဘူး။

ဘင်္ဂညာဏ်ထင်ရှားအောင် ရှုမှတ်ဖို့တော့ ခုနကလည်း ဟောတော့ ဟောခဲ့ပြီးပါပြီ။ ဘင်္ဂညာဏ် ရောက်လာတဲ့အခါ မထင်ရှားလို့ရှိရင် အာရုံ၏ အဆုံးအဆုံးတွေ ပို၍ မစူးစိုက်ရပါဘူးလား ... ပိုစူးစိုက်ရပါတယ်ဘုရား။ ဖောင်းဆုံးကို

www.dhammadownload.com

ပိစ္ဆိုစိုက်ရမယ်၊ ပိန်ဆုံးကိုလည်း ... ပိစ္ဆိုစိုက်ရပါမယ်ဘုရား။ ကြွဆုံး၊ လှမ်းဆုံး၊ ချဆုံးတွေကိုလည်း ... ပိစ္ဆိုစိုက်ရပါမယ်ဘုရား။ ဘယ်အာရုံကိုမဆို ရှုမှတ်တဲ့အခါမှာ အာရုံ၏ အဆုံးအဆုံးလေးတွေကို မိအောင်မိအောင် စူးစိုက်ကြည့်။ အဆုံးအဆုံးလေးတွေကို သိသိသွားပြီဆိုရင်တော့ အဆုံးအဆုံးလေးတွေဟာ ပျက်ပျက်သွားတာကို ယောဂီနောက်တော့ တဖြည်းဖြည်း ထင်ရှားလာပါလိမ့်မယ်။ ထင်ရှားလေလေ ယောဂီက မှတ်အားကောင်းလေလေပဲ။ အဆုံးအဆုံးတွေ ထင်ရှားထင်ရှားလာတော့ အပျက်အပျက်ကို မြင်သွားရင်၊ နောက်တော့ သင်္ခါရုံဓမ္မတွေလည်း အလိုလို ပျောက်ကွယ်သွားတာပါပဲ။

ဘင်္ဂဉာဏ်ကစပြီးတော့ ဗလဝဝိပဿနာ အားရှိတဲ့ ဝိပဿနာဖြစ်လာတယ်။ ခုနကပြောခဲ့တဲ့အတိုင်း နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တိုင်အောင်က တရုဏဝိပဿနာဖြစ်တယ်။ အားနည်းနေသေးတယ်။ ပညတ်ပုံသင်္ခါရုံဓမ္မတွေကို ခွာခွာပြီးတော့ မှတ်နေရတယ်။ ပညတ်ကထင်ရှားရင် ပရမတ်က ဝှပ်နေတယ်။

www.dhammadownload.com

ဆောင်ဒုဒ်။ ။ ပညတ်ထင်ရှား၊ ပရမတ်ကား၊ ငုပ်သွားလေသည်သာ။

နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တိုင်အောင် ပညတ်တွေက ထင်ရှားနေတော့ ပရမတ်တွေက ငုပ်နေတယ်။ အဲဒီငုပ်နေတဲ့ ပရမတ်တွေကို သိနိုင်သမျှသိအောင် စူးစိုက်ပြီးတော့ ရှုမှတ်ကြရပါတယ်။ ဘင်္ဂဉာဏ်သို့ ရောက်လာတဲ့အခါကျတော့ ဗလဝဝိပဿနာဖြစ်၍ အားရှိသွားပြီ။ ပရမတ်တွေပဲ ထင်ရှားလာတယ်။ ပရမတ်တွေ ထင်ရှားတော့ ပညတ်တွေက ငုပ်သွားတယ်။

ဆောင်ဒုဒ်။ ။ ပရမတ်ထင်ရှား၊ ပညတ်ကား၊ ငုပ်သွားလေသည်သာ။

ပရမတ်တွေပဲ ထင်ရှားတော့လည်း ထိုင်လို့မှ သိပ်မကြာသေးဘူး၊ ခေါင်း ကိုယ် ခြေ လက် ပုံသဏ္ဌာန်တွေ မထင်ရှားတော့ဘူး။ ဖောင်းတဲ့အမူအရာလေး ရိပ်ခနဲကုန်ပျက်သွားတာ၊ ပိန်တဲ့အမူအရာလေး ရိပ်ခနဲကုန်ပျက် ကုန်ပျက်သွားတာ၊ ဘာကိုပဲရှုလိုက်ရှုလိုက် အမူအရာလေးတွေ

www.dhammadownload.com

ကုန်ပျက်ကုန်ပျက်သွားတာကို မြင်လာတော့ ဗလဝဝိပဿနာ အားရှိသွားပြီ။ ကုန်ပျက်ကုန်ပျက်တာတွေက ဉာဏ်ထက်တာနဲ့အမျှ အလွန်လျင်မြန်တယ်။ မှတ်လိုက်တာနဲ့ ဖောင်းတဲ့အမူအရာလေးတွေ ရိပ်ခနဲကုန်ပျက်၊ မှတ်သိစိတ်ပါ နောက်က လိုက်လိုက်ပြီးတော့ ကုန်ပျက်သွားတာကို မြင်ကြတယ်။ ပိန်တယ်လို့မှတ်လိုက်ရင် ပိန်တဲ့အမူအရာလည်း ရိပ်ခနဲ ရိပ်ခနဲကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်ကုန်ပျက်သွားတာကို မြင်ရတော့ မမြဲပါလား၊ မမြဲပါလားဆိုတာ အလိုလို ဉာဏ်ထဲမှာ မထင်လာပါဘူးလား ... ထင်လာပါတယ်ဘုရား။ မမြဲပါလားဆိုတာ ဗမာလိုဖြစ်တယ်။ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ အနိစ္စပဲလို့ ဘင်္ဂဉာဏ်ကျတော့ အနိစ္စအစစ်ဖြစ်သည့် ပရမတ္ထအနိစ္စကို အမှန်အတိုင်း ကိုယ်တိုင်မြင်တာပါပဲ။

ကုန်ပျက်တာတွေက လျင်မြန်အားကြီးလို့ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲပါလား၊ ဒုက္ခပါလားလို့ မထင်လာပါဘူးလား ... ထင်လာပါတယ်ဘုရား။ ဒီလိုကုန်ပျက်ကုန်ပျက်နေတဲ့ ဆင်းရဲတွေကို ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ၊ ဘယ်လိုမှ ကာကွယ်လို့ မရဘူး။ သူသဘောအတိုင်း ကုန်ပျက်နှိပ်စက်နေတာပဲ၊ ကိုယ်အစိုးမရပါလား၊ ကိုယ်အစိုးမရ

www.dhammadownload.com

ပါလားဆိုတာ ဗမာလိုဖြစ်တယ်။ ပါဠိလိုကျတော့ ... အနတ္တ ပါဘုရား။ အရင့်အရင်တည်းက ကြားခဲ့ဖူးတဲ့၊ ငယ်ရွယ်စဉ် အခါတည်းက ကြားခဲ့ဖူးတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ဘယ်မှာတွေ့နေရပါသလဲ ... မိမိရဲ့ ခန္ဓာကိုယ်မှာ တွေ့နေရ ပါတယ်ဘုရား။ မိမိခန္ဓာကိုယ်မှာ တကယ်တွေ့ရတော့ အို... ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်လိုက်တာ။

"အရင်တုန်းက မတွေ့ခဲ့ဖူးဘူးဘုရား" တဲ့။ "အခုမှ ကုန်ပျက်တဲ့ဘက်ကို စိတ်ကိုညွှတ်လိုက်တော့ ကုန်ပျက်ကုန်ပျက် တာတွေ တွေ့ရတော့ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ ကိုယ်အစိုးမရခြင်း အနတ္တတွေ မြင်ရတော့ အသက်က လည်း တော်တော်ရလာတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တအစစ် တွေ မြင်ရတော့ ဝမ်းသာလွန်းအားကြီးလို့ တပည့်တော် မျက်ရည်တွေကျတယ်ဘုရား" တဲ့။ ဝမ်းသာအားကြီးတော့ မျက်ရည်မကျပါဘူးလား ... မျက်ရည်ကျပါတယ်ဘုရား။ မျက်ရည်ပူလား၊ မျက်ရည်အေးလား ... မျက်ရည် အေးပါဘုရား။ တရားရကြောင်းဖြစ်တယ်။ ခန္ဓာကိုယ်ထဲမှာ ကုန်ပျက်ကုန်ပျက်တာတွေ မြင်လာတော့ သဘောတွေကျပြီး ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်တော့ ဉာဏ်စဉ်တွေ

www.dhammadownload.com

အဆင့်ဆင့် မတက်သွားတတ်ပါဘူးလား ... တက်သွားတတ်ပါတယ်ဘုရား။

အလျှင်အမြန် ကုန်ပျက်ကုန်ပျက်နေတာတွေ မြင်ရတော့ သြော် ... ဒီခန္ဓာကိုယ်ကြီးဟာ ကြောက်စရာကြီးပါလားလို့ မထင်လာတတ်ပါဘူးလား ... ထင်လာတတ်ပါတယ်ဘုရား။ ကြောက်စရာကြီးပဲလို့ထင်ဟာ ဘာညာဏ်လဲ ... ဘယညာဏ်ပါဘုရား။ ဘယညာဏ်ဖြစ်တယ်။ အပျက်တွေချည်းပဲ မြင်နေရတော့ ဒီခန္ဓာကိုယ်ကြီးဟာ ဘာမှကောင်းတဲ့ ခန္ဓာကိုယ်ကြီး မဟုတ်ပါလားဟု အပြစ်တွေ မြင်လာတာကို ဘာညာဏ်ခေါ် ... အာဒီနဝဉာဏ်ပါဘုရား။ အပျက်တွေချည်းပဲ မြင်နေရတော့ အို ... ဒီခန္ဓာကိုယ်ကြီး ဘာတစ်ခုမှ နှစ်သက်စရာမရှိဘူး။ ငြီးငွေ့စရာချည်းပါလားလို့ ဒီလိုထင်လာတာက ... နိဗ္ဗိဒါဉာဏ်ပါဘုရား။ ဒီခန္ဓာကိုယ်ကြီးမှ အမြန်လွတ်မြောက်ချင်တဲ့ စိတ်ဆန္ဒတွေ ဖြစ်လာတာက ဘာညာဏ်ခေါ် ... မုဉ္စိတုကမျတာဉာဏ်ပါဘုရား။

အဲဒီဉာဏ်တွေဖြစ်ပုံက ရှေ့ရှေ့ကထက် ပိုပြီးတော့ ထင်ရှားလာပါတယ်။ အထက်မဂ် အထက်ဖိုလ်သို့တက်မယ့်

www.dhammadownload.com

ပုဂ္ဂိုလ်မှာ လောကီအာရုံတွေဖြစ်သည့် သံသရာဝဋ်ဒုက္ခတွေကို ပိုပြီးတော့ကြောက်လာ၊ ထိတ်လာတတ်ပါတယ်။ သြော် ... အရင်တုန်းက ဒီလောက်မထင်ခဲ့ဘူး။ အခု တယ်ဆိုးပါလား။ လောကီအာရုံဒုက္ခတွေကို ခံစားတွေ့ကြုံရတာ ပိုကြောက်လာတယ်။ အပြစ်တွေ မြင်ရာမှာလည်း လောကီအာရုံ ဒုက္ခဆင်းရဲတွေကို ပိုပြီးတော့ အပြစ်မြင်လာတယ်။ နိဗ္ဗိဒါ ငြီးငွေ့မှုတွေကလည်း တစ်ခါမှ အဲဒီလောက်တော့ မငြီးငွေ့ခဲ့ဖူးဘူး။ ပိုပြီးတော့ ထင်ရှားနေတယ်။ လွတ်မြောက်ချင်တဲ့ စိတ်တွေကလည်း အရင်တုန်းကထက် ပိုပြီးတော့ ထူးကဲစွာ လွတ်မြောက်ချင်တယ်။ လောကီအာရုံတွေမှာ စိတ်က အလွန်တွန့်ဆုတ်တွန့်ဆုတ်သွားတယ်။

အလွန်တွန့်ဆုတ်တွန့်ဆုတ်သွားတော့ လွန်ကဲစွာ တွန့်ဆုတ်သွားနေတော့ ယောဂီက တရားတော့ မရနိုင်တော့ဘူး ထင်လာတယ်။ စိတ်ဓာတ်တွေ မကျသွားတတ်ပါဘူးလား ... ကျသွားတတ်ပါတယ်ဘုရား။ ဘာကိုမှ အားထုတ်လို့ မထိရောက်တော့ဘူး။ ငြီးငွေ့တဲ့စိတ်တွေ တွန့်ဆုတ်တဲ့ စိတ်တွေချည်းပဲ ဖြစ်နေတော့ တရားတော့ မရနိုင်တော့ဘူးလို့ ဒီလိုလည်း စိတ်ထဲမှာ ဖြစ်သွားတတ်တယ်။ စိတ်ဓာတ်တွေလည်း ကျသွားတတ်တယ်။ ကျရမလား ... မကျရ

www.dhammadownload.com

ပါဘူးဘုရား။ အထက်မဂ် အထက်ဖိုလ်သို့ ရောက်ဖို့ရန် အခြေခံကောင်းပဲ။ အဲဒါတွေ ပိုထင်ရှားမှ ပို၍လွတ်မြောက်ချင်မှ ပိုအားမထုတ်ရပါဘူးလား ... ပိုအားထုတ်ရပါမယ် ဘုရား။

အခြေခံကောင်းပဲ။ အဲဒီလို ငြိုးငွေ့မှုတွေ သန်ဂါရအာရုံတွေကို ထိတ်လန့်မှုတွေ၊ ကြောက်ရွံ့မှုတွေ ပိုဖြစ်လေ ပိုအခြေခံကောင်းတွေ ဖြစ်လေပဲ။ အခြေခံကောင်းလို့ သိထားတော့ ပိုပြီးတော့ အားမထုတ်နိုင်ဘူးလား ... ပိုပြီးတော့ အားထုတ်နိုင်ပါတယ်ဘုရား။ ပိုပြီးတော့ အားထုတ်နိုင်ပါတယ်။ အဲဒါလည်း သိထားစရာပဲ။ အောက်မင် အောက်ဖိုလ်ကထက် အဲဒီလို လောကီအာရုံတွေအပေါ်မှာ စိတ်တွေက အလွန်တွန့်ဆုတ်တွန့်ဆုတ်သွားတယ်။ အားကို မထုတ်ချင်လောက်အောင် ဖြစ်သွားတတ်တယ်။ စိတ်ဓာတ်တွေလည်း သိပ်ကျသွားတတ်တယ်။ သတိမထားရပါဘူးလား ... သတိထားရပါတယ်ဘုရား။ သတိထားရမယ်။ စိတ်ဓာတ်တွေ မကျရဘူး။

ဒါက အထက်မဂ် အထက်ဖိုလ်သို့ ရောက်ကြောင်း အထောက်အပံ့ကောင်း အခြေခံတွေပဲလို့ နှလုံးသွင်းပြီးတော့

www.dhammadownload.com

ပိုပြီး မကြိုးစားရပါဘူးလား ... ပိုကြိုးစားရပါမယ်ဘုရား။ ဆက်ကာဆက်ကာ အားထုတ်လို့ သခ်ါရပေက္ခာဉာဏ် ရောက်သွားတဲ့အခါ သိမှုတွေက ရှေးကထက် ပိုပြီးတော့ ထူးခြားစွာ ကောင်းလာတတ်ပါတယ်။ သိမှုတွေက ပိုပြီးတော့ ကောင်းလာတတ်ပါတယ်။ အဲဒီသိမှုမျှား ပိုပြီးတော့ လည်း စိပ်လာတတ်ပါတယ်။ သိမှုတွေက အားလည်း ကောင်း စိပ်လည်းစိပ်၊ ရှေးကထက် ပိုပြီးတော့ သိမှုတွေက ရှင်းလည်း ရှင်းလာတတ်ပါတယ်။

အထက်မဂ်ကို ရောက်မယ့်ပုဂ္ဂိုလ် ပိုပြီးတော့ မရှင်း လာပါဘူးလား ... ပိုပြီးတော့ ရှင်းလာတတ်ပါတယ်ဘုရား။ ပိုပြီးတော့ ထူးခြားစွာ မှတ်လို့လည်း ကောင်းလာတတ်ပါ တယ်။ သိမှုတွေကလည်း ပိုပြီးတော့ စိပ်လာတတ်ပါတယ်။ ကိုယ်ရောက်မယ့်အဆင့်ကို ကိုယ်သတိမထားရပါဘူးလား ... သတိထားရပါတယ်ဘုရား။ သိမှုတွေဟာ ပိုပြီးတော့ ရှင်း လည်း ရှင်းလာတတ်ပါတယ်။ ရှေးကထက် ပိုပိုရှင်းလာ တတ်တယ်။ ကောင်းလည်း ကောင်းတယ်၊ စိပ်လည်းစိပ် တယ်၊ ရှင်းလည်း ရှင်းတယ်ဆိုလို့ရှိရင် ထိုပုဂ္ဂိုလ် အထက် မဂ်ဖိုလ်သို့ ... ရောက်သွားတော့မှာပါဘုရား။ တက်တော့ မယ်။ ဉာဏ်အားမပြည့်သေးလို့ရှိရင်လည်း သခ်ါရပေက္ခာ

www.dhammadownload.com

ဉာဏ်၌ပဲ နှစ်ရက်၊ သုံးရက်လည်း ကြာနေတတ်ပါတယ်။ တစ်လ၊ နှစ်လလည်း ကြာနေတတ်ပါတယ်။ ကြာနေလို့ စိတ်ဓာတ်တွေများ ကျသွားမလား ... မကျပါဘုရား။ မကျရဘူး။

ဘာဖြစ်လို့လဲ။ သိမှုတွေက ပိုကောင်းနေတာ၊ ပိုပြီးတော့ စိပ်နေတာ၊ ပိုပြီးတော့ ရှင်းနေတာကို ထောက်ထားသောအားဖြင့် မိမိဟာ အထက်မဂ်ဖိုလ်သို့ တစ်နေ့ရောက်ရမယ်လို့ မဆုံးဖြတ်ရပါဘူးလား ... ဆုံးဖြတ်ရပါတယ်ဘုရား။ ဆုံးဖြတ်ရမယ်။ ကြာချင်လည်းကြာ၊ ဆက်တော့အားထုတ်မှာပဲ။ ဆက်ကာဆက်ကာအားထုတ်လို့ ဉာဏ်အားပြည့်သွားတဲ့အခါ အထူး သွက်လက်ထင်ရှားတဲ့ သိမှုများဖြစ်လာပြီးတော့ သခ်ါရတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို အာရုံပြုသောအားဖြင့် ဒုတိယမဂ် ဒုတိယဖိုလ်သို့ ရောက်သွားတာပါပဲ။

ဒုတိယမဂ် ဒုတိယဖိုလ်ဆိုတာ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်သို့ ရောက်သွားတာဖြစ်တယ်။ တက်သွားပြီလား ... တက်သွားပါပြီဘုရား။ တက်သွားပြီ။ တက်သွားပုံ တက်သွားတဲ့ နည်းလမ်းလေးကို ညွှန်ပြတာဖြစ်တယ်။ တက်

www.dhammadownload.com

အောင် အားထုတ်ဖို့တော့ ... ယောဂီများရဲ့တာဝန်ပါဘုရား။ သောတာပတ္တိမဂ်ဖိုလ်များ ဖြစ်စဉ်ကထက် ပိုပြီးတော့ ဒီအထက်**မဂ်** အထက်ဖိုလ် သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်သို့ **ရောက်သွား**တဲ့အခါ ပိုပြီးတော့ ချမ်းသာမှုကလည်း ပိုထင်ရှား၊ ပိုသိမ်မွေ့၊ ပိုပြီးတော့ ချမ်းသာပါတယ်။ အဲဒါလည်း သတိမထားရပါဘူးလား ... သတိထားရပါတယ်ဘုရား။ အရင်တုန်းက ဒီလောက်တောင် မချမ်းသာခဲ့ဖူးပေ။ ယခု ချုပ်ငြိမ်းရာသို့ရောက်ပြီး ပြန်သတိရလာတဲ့အခါ ယခုတော့ ချမ်းသာလိုက်တာ၊ အရင်ကချမ်းသာတာထက် ပိုချမ်းသာတယ်ဆိုလို့ရှိရင် မိမိသည် အထက်မဂ် အထက်ဖိုလ်သို့ရောက်ပြီလား၊ မရောက်ဘူးလား ... ရောက်ပါပြီဘုရား။

အဲဒီချမ်းသာနဲ့လည်း ထောက်ထားလို့ရတယ်။ ယောဂီကတော့ တော်တော်နဲ့ မသိနိုင်ဘူး။ ရှုမှတ်၍ ဒုက္ခတွေနဲ့တွေ့ရတဲ့အခါမှာလည်း ပိုပြီးတော့ ရှေးကထက် ဒုက္ခတွေ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ နောက် သခ်ါရပေက္ခာဉာဏ် ရောက်လာတဲ့အခါ သွက်လက် ထင်ရှားမှုတွေက ပိုမထင်ရှားပါဘူးလား ... ပိုထင်ရှားပါတယ်ဘုရား။

www.dhammadownload.com

သိမ္မူတွေ ထူးခြားစွာကောင်းတာ အမှတ်တွေ ပိုစိပ်လာတာ ကိုယ်ကစိပ်တာလည်းမဟုတ်၊ သူ့ဟာသူ စိပ်လာတာဖြစ်တယ်။ အမှတ်တွေ မှတ်သိမ္မူတွေ ပိုပိုရှင်းတာ ထောက်ထားစရာလေးတွေပဲ။ ရောက်တော့မယ်ပေါ့။ မှတ်အားတွေ ပိုကောင်းတယ်၊ မှတ်ရတာ ပိုလွယ်ကူလာတယ်၊ သိတော့လည်း အသိတွေက ပိုရှင်းတယ် ဆိုလို့ရှိရင် အထက်မင် အထက်ဖိုလ်သို့ တက်ဖို့ရာ အားယူနေတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။ အထက်မင် အထက်ဖိုလ် သကဒါဂါမိမင်္ဂိုလ်သို့ ရောက်သွားပုံ၊ ရောက်သွားရမည့် အကြောင်းကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

ရက်ကို ကန့်သတ်ရတဲ့ အကျိုးတွေ၊ အာသာဖြတ်ရခြင်းရဲ့ အကျိုးတွေ ဟောကြားပြီးတော့ တရားအဆုံးသတ်ရပါမယ်။ ရက်ကို ကန့်သတ်ရတယ်။ အထက်မင် အထက်ဖိုလ်သို့ရောက်ရန် ရက်ကို ကန့်သတ်ရခြင်းအကျိုးမှာ ရက်ကို ကန့်သတ်ထားတဲ့အတွက်ကြောင့် အထက်မင် အထက်ဖိုလ်သို့ မရောက်သေးပါဘဲနဲ့ ရက်တွေက လွန်သွားပြီ၊ ဆယ်ရက် ကန့်သတ်ထားတာ ဆယ်ရက်ထက် လွန်သွားပြီ၊ အထက်မင် အထက်ဖိုလ်သို့လည်း မရောက်ဘူးဆိုလို့ရှိရင်

www.dhammadownload.com

အောက်ဖိုလ်ကို ပြန်ဝင်စားရတာ လွယ်လွယ်ပဲရတယ်။ ကန့်သတ်ထားသောရက် လွန်သွားသည့်တိုင်အောင် အထက်ဖိုလ်သို့ မရောက်တော့ ကိုယ်ဝင်စားမြဲ အောက်ဖိုလ်ကို ဝင်စားလို့ မရပါဘူးလား ... ရပါတယ်ဘုရား။ လွယ်လွယ်ပဲ ရသွားတယ်။ အဲဒီအောက်ဖိုလ်ကို လွယ်လွယ်ဝင်စားနိုင်တဲ့ အကျိုးကို ရရှိနိုင်တယ်။

ရက်ကို မကန့်သတ်ဘဲ အားထုတ်ခဲ့လို့ရှိရင်တော့ ရက်တွေ ကြာသွားတဲ့အခါ အောက်ဖိုလ်လည်း ပြန်ဝင်စားလို့ မရဘူး၊ အထက်ဖိုလ်ကိုလည်း မရောက်သေးတဲ့အတွက် ကြောင့် အဲဒီယောဂီဟာ မတင်မကျကြီး ဖြစ်နေတတ်တယ်။ ရက်ကို ကန့်သတ်ရတာ အကျိုးမရပါဘူးလား ... အကျိုးရပါတယ်ဘုရား။ အကျိုးရတယ်။ ဆောင်ပုဒ်ဆိုထားရအောင်။

ဆောင်ပုဒ်။ ။ ရက်ကိုပိုင်းခြား၊ ရက်လွန်သွားငြား၊
အောက်ဖိုင်အား၊ ဝင်စားလွယ်ကူသည်။

ရက်ကိုပိုင်းခြားပြီးတော့ အားထုတ်တယ်။ ဒီရက်အတွင်းမှာ အထက်မဂ် အထက်ဖိုလ် ရောက်ရပါလိုက်လို့ ပိုင်းခြားပြီး အားထုတ်တယ်။ ရောက်တော့ မရောက်ဘူး၊

www.dhammadownload.com

ရုက်တွေက လွန်သွားပြီ၊ အထက်မင် အထက်ဖိုလ်သို့ မရောက်ဘူးဆိုလို့ရှိရင် အောက်ဖိုလ်ကို ပြန်ဝင်စားရတာ လွယ်လွယ်ကူကူနဲ့ ဝင်စားလို့ရတယ်။ ဒီလိုမဟုတ်ဘူး၊ ရုက်ကိုမပိုင်းခြားဘူး၊ အထက်မင် အထက်ဖိုလ်အတွက်ပဲ အားထုတ်မယ်ဆိုပြီး အားထုတ်တယ်ဆိုရင်တော့ ရုက်တွေ သိပ်ကြာသွားတဲ့အခါ အထက်မင် အထက်ဖိုလ်လည်း မရောက်ဘဲဖြစ်နေလို့ရှိရင်တော့ အောက်ဖိုလ်ကို ပြန်ဝင်စားလို့ မရဘူး။

ဆောင်ဒုဒိ။ ။ ရုက်မပိုင်းခြား၊ ရုက်တွေကြာငြား၊
အောက်ဖိုလ်အား၊ ဝင်စားမရပြီ။

ရုက်တွေမပိုင်းခြားပါဘဲ အထက်မင် အထက်ဖိုလ်ကို ညွှတ်ပြီး အားထုတ်လျှင် ရုက်တွေကလည်း သိပ်ကြာတော့ အထက်မင် အထက်ဖိုလ်လည်း မရောက်တော့ အထက်ဖိုလ်လည်း ဝင်စားလို့မရ၊ အောက်ဖိုလ်ကိုလည်း ဝင်စားလို့ မရပါဘူး။ ထို့ကြောင့် ရုက်ကို ကန့်သတ်ပိုင်းခြား၍ အားထုတ်ရပါတယ်။ ရုက်ကို ပိုင်းခြားရခြင်းအကျိုး ဟောကြားရတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

www.dhammadownload.com

အာသာဆန္ဒ ဖြတ်ရခြင်းရဲ့အကျိုးကို ဆက်ပြီးတော့ ဟောကြားပါတော့မယ်။ ရပြီးအောက်ဖိုလ်ကို မဝင်စားရပါလို့၏လို့ ကောင်းစွာ အာသာဆန္ဒကို ဖြတ်ပြီးတော့ အားထုတ်ရခြင်း အကျိုးမှာ ပိုင်းခြားထားသည့် ရက်အတွင်း အောက်ဖိုလ်သို့ ပြန်မရောက်ရတော့ပေဘူး။ အောက်ဖိုလ်သို့ ပြန်ပြန်ရောက်နေရင် အထက်ဖိုလ်သို့တက်တာ နေးမလား၊ မြန်မလား ... နေးပါမယ်ဘုရား။ အောက်ဖိုလ်သို့ ပြန်မရောက်ရခြင်း အကျိုးကို ရရှိပါတယ်။ အောက်ဖိုလ်သို့ ပြန်ပြန်ရောက်နေရင်တော့ ထိုပုဂ္ဂိုလ် ဉာဏ်တော်တော်နဲ့ မတက်နိုင်တော့ပေဘူး။ သူ့အလေ့အကျင့်ဝသီဘော်က အောက်ဖိုလ်မှာ များနေတော့ အောက်ဖိုလ်ပဲ ပြန်ပြန်ရောက်နေတော့ ရေ့တက်မှ တက်နိုင်ပါတော့မလား ... မတက်နိုင်ပါဘုရား။

အာသာဆန္ဒကို ဖြတ်ထားတယ်။ အာသာဆန္ဒကို ပြတ်အောင်ဖြတ်၊ ကောင်းကောင်းဖြတ်ထားလို့ရှိရင် အောက်ဖိုလ်သို့ ပြန်မရောက်တော့ဘူး။ အောက်ဖိုလ်သို့ ပြန်မရောက်ရင် အထက်မဂ်ဖိုလ်သို့ ရောက်ဖို့ရာ အားပိုမကောင်းသွားပါဘူးလား ... အားကောင်းသွားပါတယ်ဘုရား။ ဉာဏ်အားပြည့်လာတဲ့အခါ အထက်မဂ် အထက်ဖိုလ်သို့

www.dhammadownload.com

ရောက်သွားတာပါပဲ။ အဲဒီ အထက်မဂ် အထက်ဖိုလ်သို့ ရောက်သွားခြင်း အကျိုးကိုလည်း ရရှိတယ်။

အာသာဆန္ဒကို ကောင်းစွာ မဖြတ်ဘဲနဲ့ အားထုတ်နေမယ်ဆိုလို့ရှိရင် အသင့်အတင့်ဉာဏ်တွေ ပြည့်လာတဲ့အခါ အောက်ဖိုလ် အောက်ဖိုလ်ကို ပြန်ပြန်ပြီးဟော့ ရောက်ရောက်နေတယ်။ အထက်မဂ် အထက်ဖိုလ်တွေ မရောက်ဘဲ ဖြစ်နေတတ်တယ်။ အာသာဆန္ဒကို ဖြတ်ထားမှသာ အထက်မဂ်ဖိုလ်သို့ ရောက်နိုင်တယ်ဆိုတော့ အာသာဆန္ဒကို ဖြတ်ထားရတာ အကျိုးမများပါဘူးလား ... အကျိုးများပါတယ် ဘုရား။

အထက်မဂ် အထက်ဖိုလ်သို့ ရောက်သွားပြီးတဲ့အခါလည်း အချို့အချို့ ယောဂီများက အောက်မဂ် အောက်ဖိုလ်ကို ပြန်ဝင်စားကြည့်ဦးမယ်လို့ ဒီလိုလည်း ဖြစ်တတ်တယ်။ စိတ်က အထက်မဂ် အထက်ဖိုလ်ကိုတော့ ရောက်သွားပြီလို့ သူထင်တယ်။ ဒါပေမယ့် အောက်မဂ် အောက်ဖိုလ်ကို ပြန်ပြီးတော့ ဝင်စားကြည့်ဦးမယ်ဆိုရင် ဝင်စားလို့ ရမလား၊ မရဘူးလား ... မရပါဘုရား။

www.dhammadownload.com

အောက်ဖိုလ်ကို ဝင်စားလို့မရသည့် ယောဂီက လျှောက်ထားဖူးတယ်။ "အောက်ဖိုလ်ကို ဝင်စားကြည့်ပါတယ်။ ဝင်စားလို့လည်း မရဘူးဘုရား" ဟု မေးလျှောက်တယ်။ ဝင်စားလို့ မရတော့ပေဘူး။ ဘာကြောင့်လဲ။ ပုဂ္ဂိုလ်တစ်ပါး ဖြစ်သွားပြီဖြစ်သောကြောင့် ဖြစ်တယ်။ အထက်မဂ် အထက်ဖိုလ်သို့ ရောက်သွားပြီးတဲ့ ပုဂ္ဂိုလ်ဟာ အောက်မဂ် အောက်ဖိုလ်ကို ဝင်စားလို့ ရမလား၊ မရဘူးလား ... မရပါဘုရား။ မရတော့ဘူး။ ပုဂ္ဂိုလ်တစ်ပါး ဖြစ်သွားပြီဖြစ်သောကြောင့် အောက်ဖိုလ်တရားတွေက အထက်ဖိုလ်သို့ ရောက်လာတဲ့ အခါ ငြိမ်းပျောက်သွားပြီ။ နောက်ထပ်ဝင်စားလို့ ... မရတော့ပါဘုရား။ ဆောင်ပုဒ်ဆိုကြရမည်၊ ဒါမှ ပိုမှတ်မိမယ်။

ဆောင်ပုဒ်။ ။ အထက်အရိယ၊ အောက်ဖလ၊
ဝင်စားမရပြီ။

အထက်ဖိုလ် အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်သည် အောက်ဖိုလ်တွေ ပြန်ဝင်စားလို့ ... မရတော့ပါဘုရား။ မရတော့ဘူး။ ဘာကြောင့် မရတာလဲဆိုတော့ ဆောင်ပုဒ်ပဲ ဆိုကြပါစို့။

www.dhammadownload.com

ဆောင်ပုဒ်။ ။ အောက်ဖိုလ်ဖလ၊ ထက်ဖိုလ်ကျ၊
ငြိမ်းရအမှန်ပင်။

ပုဂ္ဂိုလ်တစ်ပါး ဖြစ်သွားပြီ။ အောက်ဖိုလ်က တရား တို့သည် အထက်ဖိုလ်ကျရင်တော့ အလိုလိုငြိမ်းသွားကြ တယ်။ ငြိမ်းသွားရင် ပြန်ဝင်စားလို့ ရပါတော့မလား ... မရ တော့ပါဘုရား။

ဆောင်ပုဒ်။ ။ ထို့ကြောင့်ပင်လျှင်၊ ထက်အရိယာရှင်၊
အောက်ဖိုလ်ဝင်မရ။

ယောဂီက ဗဟုသုတ သိပ်မရှိတော့ အထက်ဖိုလ် လည်း ရလိုက်တယ်လို့ သူစိတ်ထဲမှာ ထင်လာတယ်။ ရပြီး ရင်တော့ အောက်ဖိုလ်ကို ပြန်ဝင်စားကြည့်ဦးမယ်။ ဝင်စား လို့ ရသလား၊ မရဘူးလား ... ဝင်စားလို့ မရပါဘုရား။ မရတော့ဘူး။ မရတာမှန်လို့ရှိရင် အထက်ဖိုလ်ရသည့် သူ့တရားဟာ ခိုင်မြဲသွားတယ်။ ခိုင်မြဲသွားတယ်လို့ မသိရ ပါဘူးလား ... သိရပါတယ်ဘုရား။

www.dhammadownload.com

အထူးသိဖွယ်လေးကတော့ သောတာပန်နဲ့ သကဒါဂါမ်၊ ဒီပုဂ္ဂိုလ်နှစ်ဦးက "သီလေသု ပရိပူရကာရီ" သီလေသု = သီလတို့၌၊ ပရိပူရကာရီ = အပြည့်အစုံ ကျင့်လေ့ရှိ၏။ တူကြတယ်။ သီလကို ဖြည့်ကျင့်တာချင်း သောတာပန်နဲ့ သကဒါဂါမ် တူသလား၊ မတူဘူးလား ... တူပါတယ်ဘုရား။ တူတဲ့အတွက်ကြောင့် သောတာပန်အဖြစ်ကနေ၍ သကဒါဂါမ်အဖြစ်သို့၊ သောတာပတ္တိဖိုလ်ကနေ၍ သကဒါဂါမိဖိုလ်သို့ တက်ရတာ လွယ်ပါတယ်။ သီလဖြည့်ကျင့်ပုံချင်းက တူနေတဲ့အတွက်ကြောင့် လွယ်တယ်။

အနာဂါမ်ပုဂ္ဂိုလ်ကျတော့ "သမာဓိသ္မိ ပရိပူရကာရီ" သမာဓိသိက္ခာ၌ အပြည့်အစုံ ဖြည့်ကျင့်လေ့ရှိတဲ့ ပုဂ္ဂိုလ် ဖြစ်သွားပြီ။ ဒါကြောင့် သကဒါဂါမ်အဖြစ်ကနေ၍ အနာဂါမ်အဖြစ်သို့ တက်ရတာ မလွယ်ဘူး။ နည်းနည်း ပိုခက်နေပါတယ်။ သူက သမာဓိကို အပြည့်အစုံ ကျင့်ရမယ်ဆိုတဲ့ အဓိပ္ပါယ်မကျနေပါဘူးလား ... ကျနေပါတယ်ဘုရား။

အဲဒီမှာ တချို့ယောဂီများက "သူကတော့ သကဒါဂါမ်လောက်တော့ ဖြစ်နေပါပြီ၊ အနာဂါမ်အဆင့်ကို တက်မယ်ဆိုပြီး အားထုတ်တယ်။ တက်လို့ကို မရဘူး၊ ဘာဖြစ်နေ

www.dhammadownload.com

မှန်းလဲ မသိဘူး"တဲ့။ အဆင့်ချင်းက ကွာမနေပါဘူးလား ... အဆင့်ချင်း ကွာနေပါတယ်ဘုရား။ အဆင့်ချင်းက ကွာနေတော့ "ဘယ်လိုလုပ်ရမလဲဘုရား"တဲ့။ "မတိုးလည်း မတိုးတက်ဘူး၊ အားမထုတ်ချင်တော့ဘူး"တဲ့။ "ယောဂီ ... သမထကမ္မဋ္ဌာန်းလေး စီးဖြန်းပါ။ မေတ္တာကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းများပွားပါ"။ သမာဓိအားတွေပြည့်အောင် သမထကမ္မဋ္ဌာန်းလေး မကူပေးရပါဘူးလား ... ကူပေးရပါတယ်ဘုရား။ ကူပေးလိုက်တော့မှ တော်တော်နေရာကျသွားတယ်။ တော်တော့်ကို နေရာကျသွားတယ်။ စိတ်ကျေနပ်သွားတယ်။ ပြန်အားထုတ်လို့ ရနေတယ်။ စောစောကတော့ အားထုတ်လို့ကို မရတော့ဘူး၊ သူမတက်နိုင်ဘူး။ အဆင့်အတန်းက မြင့်နေတော့ တက်လို့ကိုမရ ဖြစ်နေတော့ ဘာကူပေးရမလဲ ... သမထကမ္မဋ္ဌာန်း ကူပေးရပါမယ်ဘုရား။ သမထကမ္မဋ္ဌာန်း ကူပေးရမယ်။

အသင့်အတင့်တော့ ပြည့်စုံသွားပါပြီ။ ဆောင်ပုဒ်တွေ ပြန်ပြီးတော့ မှတ်မိအောင် ဆိုရရင် ပိုကောင်းမလား ... ကောင်းပါတယ်ဘုရား။ ဒုတိယအပိုဒ် ရပြီးအောက်ဖိုလ်ကို မြဲမြံခိုင်ခံ့အောင် လေ့ကျင့်သောအားဖြင့် ရှုမှတ်ပုံ၊ အားထုတ်ပုံမှာ လေ့ကျင့်ပုံဆောင်ပုဒ် ဆိုရမည်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ ရပြီးဖိုလ်မှန်၊ မြန်ရောက်ရန်နှင့်၊
ကြာကြာတည်ရန်၊ စိတ်ရည်သန်၊
ဖန်ဖန်ပွားရမည်။

၃-နံပါတ် အထက်မဂ် အထက်ဖိုလ်သို့ ရောက်ရှိရန် နည်းလမ်းမှန်ကန်စွာ ရှုမှတ်ပုံ၊ အားထုတ်ပုံ ဆောင်ပုဒ် ဆိုကြရမည်။

ဆောင်ပုဒ်။ ။ ရက်ကိုကန့်သတ်၊ အာသာဖြတ်လျက်၊
စိတ်ညွတ်အပ်ပါ၊ ဤသုံးဖြာ၊
မှန်စွာပြုရမည်။

အထက်အရိယ၊ အောက်ဖလ၊
ဝင်စားမရပြီ။

သိထားတော့ မဝင်စားတော့ အထက်ကို ပိုပြီးတော့ မတက်လွယ်ပါဘူးလား ... တက်လွယ်ပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ အောက်ဖိုလ်ဖလ၊ ထက်ဖိုလ်ကျ၊
ငြိမ်းရအမှန်ပင်။

www.dhammadownload.com

ထို့ကြောင့်ပင်လျှင်၊ ထက်အရိယာရှင်၊
အောက်ဖိုလ်ဝင်မရ။

အောက်ဖိုလ်ကို ဝင်စားလို့ မရဘူးဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဤကဲ့သို့ ယနေ့ ယခုအခါ၌ အထက်မဂ်ဖိုလ်သို့တက်ရန် နည်းလမ်းမှန် တရားတော်ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရား ပေးသောဆုနဲ့
ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

www.dhammadownload.com